# ကြေးမုံ
# The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ အင်္ဂါနေ့၊ (18-3-2008) (၅၆၂၆)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြန်လည်ရွေးကောက်တင်မြှောက်ခံရသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　မတ်　　၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် မတ် ၁၅ ရက်တွင် (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ဟူကျင်တောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ရွေးကောက်တင်မြှောက်ခြင်းခံရသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　မတ်　　၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ ၂၀၀၈ ခုနှစ် မတ် ၁၅ ရက်တွင် (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် မစ္စတာရှီကျင်ဖျင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရောဝတီတိုင်း ပုသိမ်မြို့နယ်အတွင်း လမ်းသစ်ဖွင့်ပွဲများ ကျင်းပ

ရန်ကုန်　　မတ်　　၁၇

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော သစ်ပုတ်ကုန်း–ကွင်းပေါက်ကြီး ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၁၇ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါ မုခ်ဦးနေရာ၌ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ ပုသိမ်မြို့ တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံးလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲတွင် ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြစဉ်။ (သတင်းစဉ်)

## ဒီမိုကရေစီ အမှန်တကယ်လိုလားသူတိုင်းက ကြိုဆိုထောက်ခံနေကြ

"ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို ကြားသိရသူတိုင်း ဝမ်းသာအားရရှိနေကြပါသည်။ မြန်မာနိုင်ငံအပေါ် စိတ်ရင်းစေတနာမှန် ထားရှိကြသည့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများကလည်း မှန်ကန်သော ခြေလှမ်းများအဖြစ် ကြိုဆိုထောက်ခံနေကြပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံးကပင် မူဝါဒလမ်းစဉ် (၇)ရပ် ဖော်ဆောင်မှု၌ အချိန်ဇယားချမှတ်ပေးခြင်းဖြစ်သည့်အတွက် ကြိုဆိုအသိအမှတ်ပြုလျက်ရှိသည်။ ခြုံ၍ဆိုရလျှင် ဒီမိုကရေစီလမ်းကြောင်းမှန်အတိုင်း လျှောက်လှမ်းနေသော မြန်မာ့နိုင်ငံရေးခရီး၏ ခြေလှမ်းများကို ဒီမိုကရေစီအမှန်တကယ်လိုလားသူတိုင်းက ကြိုဆိုထောက်ခံနေကြခြင်း ဖြစ်ပေသည်။

စိုးမြကျော်၏ "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် အကျိုးကျေးဇူးများ" (ဆောင်းပါး) စာမျက်နှာ–၈၉

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၈–၃–၂၀၀၈
(အင်္ဂါနေ့)

## အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာအောင် တိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်စွမ်းဆောင်

မျက်မှောက်အချိန်အခါတွင် နိုင်ငံတိုင်းက အမျိုးသားစနေအင်အား တိုးပွားရေးကို အလေးထားပြီး အမျိုးသား စီးပွားရေးဘဝ တိုးတက်ခိုင်မာရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြသည်။

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားသည် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု၊ ပြည်ပသို့ ပြန်လည်တင်ပို့မှုလုပ်ငန်းများနှင့် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများလုပ်ဆောင်ရန် အခြေအနေကောင်းများ ပြည့်စုံလျက်ရှိသည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ လက်တွဲညီညီ ပူးပေါင်းပါဝင်ကြိုးပမ်းခြင်းဖြင့် နိုင်ငံ၏စီးပွားရေး တိုးပွားစည်ပင်လာမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တိုးချဲ့တည်ဆောက်ပေးနေသကဲ့သို့ ပုဂ္ဂလိကတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ပါဝင်ဆောင်ရွက်ခွင့်ပြုထားသည်။ ပြည်ထောင်စု လမ်းမကြီးများ၊ လေယာဉ်ကွင်းများ၊ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်း၊ ကုန်သေတ္တာစခန်းတည်ဆောက်မှုများ၊ ရေကြောင်း၊ လေကြောင်းလိုင်း ထူထောင်မှုများနှင့် သစ်တော၊ သတ္တု၊ ကျောက်မျက်စသည့် လုပ်ငန်းကဏ္ဍများတွင် စီးပွားရေးလုပ်ငန်းရှင်များ ထူထောင်လုပ်ကိုင်နေကြပြီဖြစ်သည်။

ပုဂ္ဂလိက ကဏ္ဍ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အမျိုးသားစီးပွားရေးကဏ္ဍတွင် ထုထည်ပမာဏကြီးမားစွာ ပါဝင်လျက်ရှိရာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ မှန်မှန်ကန်ကန် စည်းကမ်းရှိရှိ အမြင်ကျယ်ကျယ်ထားပြီး လုပ်ငန်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပို့ကုန်များတင်ပို့ရာတွင် နိုင်ငံတကာစံချိန်မီ အရည်အသွေးကောင်း၊ ဈေးကောင်းရရှိရေး၊ ဈေးကွက်ဝင်ပစ္စည်းများ၊ ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

အလားတူ သွင်းကုန်အပိုင်းတွင်လည်း အန္တရာယ်ကင်းပြီး အရည်အသွေးပြည့်မီသည့် ပစ္စည်းများ၊ စက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားရေးအတွက် အထောက်အကူဖြစ်မည့် ကုန်စည်များ တိုးတက်တင်သွင်းကြရမည်ဖြစ်သည်။

တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကို စည်းရုံးဦးဆောင်မှုပေးနိုင်မည့် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးကို ဖွဲ့စည်းပေးထားပြီးဖြစ်ရာ အသင်းဝင်များဖြစ်ကြသည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအားလုံးက ခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းရေး၊ တည်ငြိမ်သည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ခိုင်မြဲရေး ကြိုးပမ်းရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် အမျိုးသားစီးပွားရေးဘဝ ပိုမိုတိုးတက်ခိုင်မာလာမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင်ကမ်းနားလမ်း စံရိပ်ငြိမ်ကျောင်းတိုက်၌ ဆောက်လုပ်လှူဒါန်းမည့် အနန္တဂုဏ်ရည် သိမ်တော်မြတ်အတွက် သုဝဏ္ဏ ၂၉ ရပ်ကွက် မြနဒီလမ်းနေ ဦးကျော်မြအား ရည်စူး၍ ဒေါ်ကြည်ကြည်ဦး မိသားစုက အလှူငွေကျပ် တစ်သိန်းကို စံရိပ်ငြိမ်ကျောင်း ဆရာတော် အရှင်ဇဝန(ပဲခူး)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပညာရေးဝန်ကြီးများအစည်းအဝေးမှ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၁၇

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မတ် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် (၄၃) ကြိမ်မြောက် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ ညီလာခံနှင့် တတိယအကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ပြီး မတ် ၁၅ ရက် နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။**

ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းသည် အဆိုပါ အစည်းအဝေးပွဲများတွင် မြန်မာနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးမှု ဆောင်ရွက်ချက်များ၊ လူတိုင်းအတွက် ပညာရေး ဆောင်ရွက်ချက်များနှင့် ပညာရေးကဏ္ဍ၌ သတင်းအချက်အလက်နှင့် နည်းပညာအသုံးပြုမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် (၄၃)ကြိမ်မြောက် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ညီလာခံနှင့် တတိယအကြိမ်မြောက် အာဆီယံ ပညာရေးဝန်ကြီးအဖွဲ့ အစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

## အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ကျပန်းစကားပြောပြိုင်ပွဲ တတိယဆုရှင်အား ဂုဏ်ပြု

**ရန်ကုန် မတ် ၁၇**

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၌ ကျင်းပသော အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ကျပန်းစကားပြောပြိုင်ပွဲ (ASEAN) Youth Extemporaneous Speaking Competition ၌ တတိယဆု ရရှိခဲ့သည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ငွေကြယ်ပွင့်လူငယ်အဖွဲ့(ရန်ကုန်)မှ မဆုဝင်းထိုက်အား ဂုဏ်ပြုပွဲကို မတ် ၁၅ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းရုံးချုပ်၌ ကျင်းပရာ တတိယဆုရှင် မဆုဝင်းထိုက်က ၎င်း၏ ဆုဖလားကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံသိန်းထံ လွှဲပြောင်းပေးအပ်ပြီး အသင်းမှ ချီးမြှင့်သော ဂုဏ်ပြုလက်ဆောင်ကို လက်ခံသည်။

(သတင်းစဉ်)

## အထူးတရားပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၇**

သက္ကလစ်ပြကျေးရွာရှိ မင်္ဂလာကန်တော်ဦး ပရိယတ္တိစာသင်တိုက် သန္တိသုခစေတီတော်ဘုရားပွဲတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်လမ်း၊ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်၊ ပြည်တွင်းပြည်ပ သာသနာပြုဆရာတော် ဘဒ္ဒန္တပုညာနန္ဒ (ဗဟုဇနဟိတရေ၊ နယ်လှည့်ဓမ္မကထိက)က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များကို (၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်) မတ် ၂၂ရက် ည ၇ နာရီမှစ၍ ဟောကြားချီးမြှင့်မည်ဖြစ်သည်။ (က–ပ)

## ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့သို့ ကွန်ပျူတာတစ်စုံနှင့် မိတ္တူကူးစက်လှူဒါန်း

**ရန်ကုန် မတ် ၁၇**

ရန်ကုန် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် အသုံးပြုရန်အတွက် ကွန်ပျူတာတစ်စုံနှင့် မိတ္တူကူးစက်တစ်လုံး ပေးအပ်လှူဒါန်းပွဲကို မတ် ၁၅ ရက် နံနက် ၇ နာရီခွဲက အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပြည်ထောင်စုရိပ်မွန်အိမ်ရာ ပန်းမဲဇလီလမ်း တိုက်အမှတ်(၁)နေ ဒေါ်နီနီမြင့်က ၎င်းပိုင် စိန်နှင့်ရွှေ လက်ဝတ်ရတနာ ၁၇ မျိုး စုစုပေါင်းတန်ဖိုးကျပ် ၄၇၁ သိန်းဖိုး ပျောက်ဆုံးခဲ့မှုမှ တရားခံကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ပေးခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ကျေးဇူးတင်စကား ပြောကြားပြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် အသုံးပြုရန်အတွက် ကွန်ပျူတာတစ်စုံနှင့် မိတ္တူကူးစက်တစ်လုံး စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၂ သိန်းခွဲအား ပေးအပ်လှူဒါန်းရာ ခရိုင်ရဲမှူး(ဦးစီး) ရဲမှူးရွှေညာမောင် လက်ခံခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)** (ကြေးမုံ)

## ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

**ရန်ကုန် မတ် ၁၇**

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းရုံးခွဲ (ရွာသာကြီး) မှ ဦးအောင်ကျော်မိုး (ဦးစီးအရာရှိ) နှင့်ဦးကျော်ဆင့် (စစ်ဆေးရေးမှူး–၂) တို့သည် မတ် ၁၃ ရက်က ရန်ကုန်မြို့ ပါရမီရှိ ရွှေမန်းသူအဝေးပြေးခရီးသည်ပို့ဆောင်ရေး လုပ်ငန်းအောက်ရှိ ကြီးကြပ်သူများ၊ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက် ၅၄ ဦးအား ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်သွားလာမှု စည်းကမ်းများ၊ အငှားမော်တော်ယာဉ်စည်းကမ်းများ၊ မော်တော်ယာဉ်များ ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များ၊ လမ်းညွှန်၊ လမ်းအမှတ်အသားများနှင့် အချက်ပြများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

**(အောက်ပုံ)** (သတင်းစဉ်)

*** ရွှေဖုံးမှ**

ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ တက်ရောက်ကြပြီး ကျောက်ချောလမ်းသစ်တစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ သစ်ပုတ်ကုန်း-ကွင်းပေါက်ကြီး ကျေးလက်ကျောက်ချောလမ်းသစ်မှာ အရှည်နှစ်မိုင် ၁ဒသမ ၈ ဖာလုံ၊ အကျယ် ၁၀ ပေရှိကာ ပုသိမ်-ငွေဆောင်ကားလမ်းမကြီးသို့ဆက်သွယ်သည့် လမ်းတစ်လမ်းဖြစ်၍ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ရန်ပုံငွေဖြင့် တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းပြီးစီးသွားသဖြင့် သစ်ပုတ်ကုန်းကျေးရွာအုပ်စုအတွင်းရှိ သစ်ပုတ်ကုန်း၊ တိုက်ကြီးကုန်း၊ ပိတောက်ချောင်း၊ ဘန့်ဘွေးကုန်း၊ ကြခတ်ချောင်း၊ နတ်ကကုန်းနှင့် ရွာသစ်ကုန်းကျေးရွာ ခုနစ်ရွာ၊ ကွင်းပေါက်ကြီးကျေးရွာအုပ်စုအတွင်းရှိ ကွင်းပေါက်ကြီးနှင့် အိမ်ချောင်းလေးကျေးရွာနှစ်ရွာတို့မှ ပြည်သူများအနေဖြင့် ရန်ကုန်မြို့နှင့် ပုသိမ်မြို့များသို့ လွယ်ကူချောမွေ့စွာ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် ပုသိမ်မြို့ တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံးလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို လည်းကောင်း၊ တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို လည်းကောင်း၊ ပုသိမ်မြို့ အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် အကျယ် ခြောက်ပေ ကတ္တရာတိုးချဲ့ခင်းခြင်း ဖွင့်ပွဲအခမ်းအနားကိုလည်းကောင်း တက်ရောက်ခဲ့ကြသည်။

အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းမှာ အရှည်ပေ ၂၁၀၀၊ အကျယ်ပေ ၂၀ရှိပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေနှင့် ပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းကာ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းလမ်းပြီးစီးသွားသဖြင့် ပုသိမ်တက္ကသိုလ်သို့ တက်ရောက်လျက်ရှိကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်ပြည်သူများ လွယ်ကူချောမောစွာ သွားလာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အမေရိကန်နိုင်ငံမှ ဒါယကာ၊ ဒါယိကာမများ၏ ပင့်ဖိတ်လျှောက်ထားချက်အရ အရှင်ရာဇိန္ဒ(ရဝေနွယ် အင်းမ) ဆရာတော်သည် မတ်၁၆ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ကြွရောက်တော်မူရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တပည့် ဒါယကာ၊ ဒါယိကာမများက လိုက်ပါပို့ဆောင်ကြည်ညိုကြစဉ်။** (က-ပ)

## မန္တလေးအက်ဖ်အမ်ရေဒီယို စတင်ထုတ်လွှင့်တော့မည်

**နေပြည်တော် မတ် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ကြီးကြပ်မှုဖြင့် မန္တလေးမြို့၌ Mandalay FM ရေဒီယိုကို ၂၀၀၈ ခုနှစ် ဧပြီ ၃ ရက်တွင် စတင်စမ်းသပ်ထုတ်လွှင့်မည်ဖြစ်ပြီး ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)မှ စတင်၍ ပုံမှန် ထုတ်လွှင့်သွားမည်ဖြစ်သည်။ Mandalay FM ရေဒီယိုကို လှိုင်းနှုန်း (91.9 MHz)ဖြင့် ဖမ်းယူနားဆင်နိုင်သည်။

အဆိုပါ Mandalay FM ရေဒီယိုအတွက် အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ် (Logo)ကို ပြိုင်ပွဲကျင်းပ၍ ရွေးချယ်မည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခံရသူအား ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး မိမိတို့၏ အနုပညာဖန်တီးမှုများကို မတ် ၂၅ ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို ပြိုင်ပွဲဖိတ်ခေါ်ကြော်ငြာတွင် အသေးစိတ်ဖော်ပြထားကြောင်း၊ Mandalay FM ရေဒီယိုတွင် ပြည်သူကြိုက်နှစ်သက်မည့် အစီအစဉ်များကို ကဏ္ဍစုံလင်စွာ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကကြီးမှူးဖွင့်လှစ်သော(၁/၂၀၀၈) ရုပ်ရှင်သရုပ်ဆောင်သင်တန်း စာရင်းပိတ်ရက် ထုတ်ပြန်ကြေညာ

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကကြီးမှူးဖွင့်လှစ်သော (၁/၂၀၀၈)ရုပ်ရှင်သရုပ်ဆောင်သင်တန်း စာရင်းပိတ်ရက်ကို မတ် ၂၀ရက်အဖြစ်သတ်မှတ်ပြီး လူတွေ့စစ်ဆေးမည့်ရက်ကို မတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် သတ်မှတ်ထားကြောင်း၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်းဖွင့်ရက်ကို ယခင်က မတ် ၂၄ရက်ဟု သတင်းထုတ်ပြန်ထားသော်လည်း ယခုဧပြီ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှတ်(၁၆)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၅၄၄၂၇၀၊ ၅၄၄၂၇၁တို့သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရုပ်ရှင်သရုပ်ဆောင်သင်တန်းကော်မတီက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# စိတ်အမိုးမလုံက ဆင်းရဲဒုက္ခရောက်မည်

**အမိုးမလုံသော အိမ်တွင်းသို့ မိုးရေမိုးပေါက် စိမ့်ဝင်ကျရောက်သကဲ့သို့ ကုသိုလ်စိတ် ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းလေ့မရှိသောသူ၏ စိတ်ထဲသို့ ကိလေသာရာဂ ထိုးဖောက်ဝင်ရောက်ခံရခြင်းဖြင့် ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံခံစားကြရပေမည်။ (ဓမ္မပဒ ၁၃)**

## မဟာနဝင်းစေတီတော် ထီးတော်တင်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်း(ရှမ်းလမ်း)ရှိ အောင်မင်္ဂလာသိဒ္ဓိစာသင်တိုက်အတွင်း ဆရာတော် ဘိုးပေါက်ဆိန် ဓာတ်ပန္နက်ရိုက်ခဲ့ပြီး ၁၃၄၅ခုနှစ်က ဘဝဆက်၊ပဋ္ဌာန်းဆက်ပါရမီရှင်များ၊ခုနစ်ရက်သားသမီးများ တည်ထားကိုးကွယ်၍ ထီးတော်တင်လှူပူဇော်ခဲ့သော မဟာနဝင်းစေတီတော်နှင့် အရံစေတီတော် ရှစ်ဆူတို့အား အသစ်ထပ်မံ၍ ရွှေထီးတော်တင်လှူပွဲ၊ ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ရွှေရေစက်ချအခမ်းအနားကို မတ် ၂၁ရက် (တပေါင်းလပြည့်) သောကြာနေ့ မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ပါရမီရှင်များ ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (က-ပ)

## စွယ်တော်ရတနာစေတီ ဗုဒ္ဓပူဇနီယပွဲတော်နှင့်တရားပွဲ

**ရန်ကုန် မတ် ၁၇**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ်ချင်းလမ်း ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၌ တစ်နှစ်တစ်ကြိမ် ကျင်းပပူဇော်မြဲဖြစ်သော ဗုဒ္ဓမြတ်စွယ်တော်အပါအဝင် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီအားဖြင့် ဗုဒ္ဓစေတီလေးဆူ ကိန်းဝပ်စံပယ်တော်မူသော စွယ်တော်ရတနာစေတီ ဗုဒ္ဓပူဇနီယပွဲတော်ကို ဆဋ္ဌအကြိမ်မြောက်ကျင်းပပူဇော်မည်ဖြစ်ရာ မတ်၂၁ ရက် နံနက်၅ နာရီတွင် အရဟံသစ်သီးဆွမ်းတော်ကြီးကပ်လှူပူဇော်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်မည်ဖြစ်သည်။အထူးတရားပွဲများကိုလည်းကျင်းပမည်ဖြစ်ရာ မတ် ၂၁ရက်၊ ၂၂ ရက်တို့တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လက ညစဉ် ၇နာရီမှစတင်၍တရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။(က-ပ)

## ကုစ္ဆိတံ စူဠာမုဏိစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်မည်

**ရန်ကုန် မတ် ၁၇**

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရွှေကျင်ကျောင်းသစ်ဝင်းအတွင်း၌တည်ထားပြီးစီးအောင်မြင်ပြီးသော ကုစ္ဆိတံစူဠာမုဏိစေတီတော်မြတ် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲကို မတ်၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် ဓမ္မမိတ်ဆွေများကြွရောက်ရန် အကျိုးတော်ဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ (က-ပ)

## မြန်မာဂေါက်ကလပ် နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ

**ရန်ကုန် မတ် ၁၇**

မြန်မာဂေါက်သီးရိုက် အသင်း၏ နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို မတ် ၂၁၊၂၂နှင့် ၂၃ရက်တို့တွင် မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင် ပြည်လမ်း)၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲများအနက် မတ် ၂၁ရက်တွင် အသက်(၆၀-၇၀)နှစ်တစ်တန်း၊ အသက်(၇၀နှစ်အထက်)တစ်တန်း (Veteran) ဂေါက်သီးရိုက်ပြိုင်ပွဲများကို လည်းကောင်း၊ မတ် ၂၂ရက်တွင် Gold Silver Bronze အတန်း သုံးတန်း ဂေါက်သီးရိုက်ပြိုင်ပွဲများကို လည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

မတ် ၂၃ရက်တွင် ဂေါက်သီးကစားခြင်းနှင့်ပတ်သက်သော ပျော်ပွဲရွှင်ပွဲများ ကျင်းပပြီး ညနေပိုင်းတွင် ဆုချီးမြှင့်၍ အခမ်းအနားကို ကျင်းပမည်ဖြစ်ကာ ညပိုင်းတွင် ညှော့ခံကျွေးမွေးရေးနှင့် တေးဂီတဖျော်ဖြေရေး အစီအစဉ်များ ပါဝင်ကြမည်ဖြစ်ပြီး အသင်းသားမိသားစုများ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်းသိရှိရသည်။ (ကြေးမုံ)

**အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**ရန်ကုန်တိုင်း သာကေတမြို့နယ် ဇိနမာန်အောင်စေတီတော် ဝတ္တကမြေအတွင်းရှိ ရှင်ဥပဂုတ္တ ရဟန္တာမထေရ်အား ရွှေသင်္ကန်းကပ်လှူရန် သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ မြင်တော်သာလမ်းနေ (ဒေါ်ကျင်မွှေး) အားရည်စူး၍ ဦးမောင်မောင်နှင့်သား၊ သမီးတစ်စုက အလှူငွေကျပ် ၁၅၀၀၀၀ ကို ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးလှထွန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## သုံးလူ့ထွဋ်ခေါင် အောင်စေတီတော် ဗုဒ္ဓပူဇနီယပွဲ

**ရန်ကုန် မတ် ၁၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းတိုက်နယ် ဆံတော်ရှင် ကေလာသတောင်အနီးရှိ ကျွန်းလေးတောင်သုံးလူ့ထွဋ်ခေါင် အောင်စေတီတော်၏(၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ဓမ္မပူဇော်ပွဲကို ဧပြီ ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (က-ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၈-၃-၂၀၀၈(အင်္ဂါနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
**၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
**၄:၁၅** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
**၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၄:၅၅** ၆။ မျိုးချစ်တပ်မတော်
**၅:၂၅** ၇။ မြန်မာသံစဉ်ချိုနားဝင်
**၅:၃၅** ၈။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
**၅:၅၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၂။ အမျိုးသားရေးတေးကဗျာ
**၆:၂၅** ၁၃။ ဝတ်စားဆင်ယင်လှစေချင်
**၆:၄၅** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
**၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့ သူရဲကောင်း (အပိုင်း-၄၇)**
**၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း စည်းခြားထားတဲ့အချစ် (အပိုင်း-၁၅)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

## အယ်လ်ဘေးနီးယားတွင် လက်နက်ဟောင်းများ ဖျက်သိမ်းရာမှ စစ်ပစ္စည်းသိုလှောင်ရေးစခန်း ပေါက်ကွဲမှုဖြစ်ပွား

**တီရားနား မတ် ၁၆**

အယ်လ်ဘေးနီးယားနိုင်ငံ မြို့တော် တီရားနား ပတ်ဝန်းကျင်ရှိ စစ်ဘက်လက်နက်ပစ္စည်းသိုလှောင်ရေး စခန်းတွင် မတ် ၁၅ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ ယင်းစခန်းအတွင်း အလုပ်လုပ်နေသူ အနည်းဆုံး ၅၀ တို့ သေဆုံးမည်ကို စိုးရိမ်နေရကြောင်း သတင်းက ဖော်ပြသည်။

**ပေါက်ကွဲ**

ထိုသိုလှောင်ရေးစခန်းသည် တီရားနားမြို့၏ အနောက်ဘက် ၁၅ ကီလိုမီတာအကွာ ဗိုရာအရပ်တွင် တည်ရှိသည်။ ပေါက်ကွဲသံများကို အနီးဝန်းကျင်ရှိ တီရားနားမြို့နှင့် ဒူရီမြို့များမှပင် ကြားရသည်ဟုဆိုသည်။

အခင်းဖြစ်ပွားချိန်တွင် သိုလှောင်ရေးစခန်းတွင်း၌ အလုပ်လုပ်နေသူ အနည်းဆုံး ၅၀ ခန့်ရှိကြောင်း၊ ၎င်းတို့သည် လက်နက်ဖြုတ်သိမ်းရေး လုပ်ငန်းများဆောင်ရွက်နေကြကြောင်း ဒေသခံများက ဌာနေရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

ယခင် အယ်လ်ဘေးနီးယားအစိုးရထံမှ ဆက်ခံထားသော လက်နက်ခဲယမ်း အပိုတန် ၄၆၀၀၀ ခန့်ရှိနေသည်။ နေတိုးအဖွဲ့သို့ ဝင်ခွင့်ရရန် ဟူသည့် ရည်ရွယ်ချက်ဖြင့် ထိုလက်နက်ဟောင်းများကို အယ်လ်ဘေးနီးယား စစ်ဘက်က ဖျက်သိမ်းရာမှ ယခုကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားရခြင်း ဖြစ်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

အယ်လ်ဘေးနီးယားနိုင်ငံ မြို့တော် တီရားနားအနီး စစ်ဘက်လက်နက်သိုလှောင်ရေးစခန်း၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံကို မတ် ၁၆ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

## အင်ဒိုနီးရှား၌ စက်မှုလုပ်ငန်းသုံး လောင်စာဆီဈေးနှုန်းတိုးမြှင့်

**ဂျကာတာ မတ် ၁၆**

အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီ ပါတာမီနာက လောင်စာဈေးနှုန်းများကို ၁ ဒသမ ၁ ရာခိုင်နှုန်းမှ ၄ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးမြှင့်လိုက်ကြောင်း စနေနေ့က ထုတ်ပြန်သည်။

ဈေးနှုန်းစာရင်းအရ စက်မှုလုပ်ငန်းသုံး အဆင့်နိမ့် ဓာတ်ဆီကို တစ်လီတာလျှင် ရူပီယာ ၇၀၀၀ မှ ၇၃၈၅ (အမေရိကန် ဒေါ်လာ ၇၇ ဆင့်မှ ၈၁ ဆင့်) အတွင်း သတ်မှတ်သည်။

ဒီဇယ်ကို တစ်လီတာလျှင် ၈၁၉၂ ရူပီယာ ၉၀ ဆင့်နှင့် ရေနံဆီကို တစ်လီတာလျှင် ၈၁၁၁ ရူပီယာ ၈၉ ဆင့် သတ်မှတ်ကြောင်း ကုမ္ပဏီ၏ ကြေညာချက်တွင် ပါရှိသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

## အာဖဂန်နစ္စတန်တွင် မိုဘိုင်းဖုန်းများ ညပိုင်း၌ ပိတ်ထား

**ကန်ဒါဟာ(အာဖဂန်နစ္စတန်) မတ် ၁၆**

အာဖဂန်နစ္စတန်တွင် တာလီဘန်လက်နက်ကိုင်များက တယ်လီဖုန်းဆက်သွယ်ရေးတိုင်များကို ဖျက်ဆီးပြီးနောက် မိုဘိုင်းတယ်လီဖုန်း အော်ပရေတာများသည် ၎င်းတို့၏ ကွန်ရက်များကို နိုင်ငံ၏နေရာအနှံ့အပြား၌ ညအချိန်တွင် ပိတ်ထားကြောင်း ဖုန်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။ တာလီဘန်တို့က အစိုးရတပ်ဖွဲ့များသည် ၎င်းတို့ကို ခြေရာခံရန် ဖုန်းများကို အချက်ပြကိရိယာအဖြစ် အသုံးပြုနေကြောင်း ပြောကြားသည်။

**ကွန်ရက်ပိတ်ထား**

အာဖဂန်နစ္စတန်တောင်ပိုင်းမှ ပြည်သူတို့က ၎င်းတို့၏ မိုဘိုင်းတယ်လီဖုန်းများမှာ ညအချိန်တွင် ခေါ်ဆို၍ မရတော့ကြောင်း တင်ပြကြသည်။ ကုမ္ပဏီအရာရှိ တစ်ဦးကလည်း နိုင်ငံ၏ ဒေသအချို့တွင် မှောင်စပျိုးချိန်မှ အရုဏ်တက်ချိန်အထိ ဖုန်းကွန်ရက်ကို ပိတ်ထားကြောင်း အတည်ပြုသည်။

လွန်ခဲ့သောလက တာလီဘန်တို့က မိုဘိုင်းဖုန်းအော်ပရေတာများအား ညနေ ၅ နာရီမှ နံနက် ၇ နာရီအထိ ၎င်းတို့၏ ဖုန်းကွန်ရက်ကို ပိတ်ထားရန် အမိန့်ထုတ်ပြီး ဖုန်းဆက်သွယ်ရေးတိုင် ၁၀ တိုင်ခန့်ကို ဖျက်ဆီးခဲ့သည်။

တောင်ပိုင်းပြည်နယ် ကန်ဒါဟာတွင် စနေနေ့ အရုဏ်မတက်မီအချိန်က မိုဘိုင်းဖုန်းဆက်သွယ်ရေးတိုင်ကို ဖျက်ဆီးခဲ့ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောသည်။

***အမ်အင်အေ၊ ရိုက်တာ။***

## ကမ္ဘောဒီးယားနှင့်ထိုင်းကုန်သွယ်မှု ယမန်နှစ်က ၁၀ ရာခိုင်နှုန်းတိုးတက်

**ဖနောင်ပင် မတ် ၁၆**

ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှု ပမာဏသည် ၂၀၀၇ ခုနှစ်တွင် ၁၀ ဒသမ ၅၆ ရာခိုင်နှုန်းတိုးလာကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၄၀၄ သန်း ရှိကြောင်း ကမ္ဘောဒီးယား ကုန်သွယ်ရေးဝန်ကြီး ချန်ပရာဆစ်က သောကြာနေ့တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ထိုင်းနိုင်ငံသို့ တင်ပို့သော ကုန်ပစ္စည်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၉ သန်းဖိုးရှိကြောင်း ဝန်ကြီး ပရာဆစ်က မတ် ၁၄ ရက်မှ ၁၈ ရက်အထိ ဖနောင်ပင်၌ ကျင်းပသည့် ထိုင်းကုန်စည်ပြပွဲ ၂၀၀၈ ဖွင့်ပွဲ အခမ်းအနား၌ ပြောကြားသည်။

၂၀၀၆ ခုနှစ်တွင် နှစ်နိုင်ငံ ကုန်သွယ်မှု တန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း ၁၂၇၀ ရှိပြီး ကမ္ဘောဒီးယားမှ ထိုင်းသို့ ပို့ကုန်တန်ဖိုး ၃၅ သန်း ပါဝင်ကြောင်း ဝန်ကြီးက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

**လွန်ခဲ့သော ၆၆နှစ် ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်စစ်သင်္ဘောတစ်စင်းနှင့် မိနစ် ၃၀ခန့်ကြာ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားပြီး သင်္ဘောသား ၆၀၀ကျော်နှင့်အတူ နစ်မြုပ်သွားခဲ့သော ဩစတြေးလျ ရေတပ်၏ အကြီးဆုံးစစ်သင်္ဘော အိတ်ချ်အမ်အေအက်စ် ဆစ်ဒနီကို ဩစတြေးလျနိုင်ငံ ပတ်သ်မြို့မြောက်ဘက် မိုင် ၅၀၀ ခန့်အကွာ ပင်လယ်ပြင်အောက် ပေ ၈၁၀၀ အနက်တွင် သုတေသီများက ရှာဖွေတွေ့ရှိကြပြီဖြစ်ရာ တိုက်ပွဲဖြစ်ပွားစဉ်က ဂျာမန်စစ်သင်္ဘော၏ အပေါ့စားလက်နက်များကြောင့် နစ်မြုပ်ခဲ့ရသည်ဆိုသော လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်တော့မည်ဟု မျှော်လင့်နေကြသည်။** (အိတ်ချ်အမ်အေအက်စ် ဆစ်ဒနီစစ်သင်္ဘောကြီး မြေထဲပင်လယ်မှ ဆစ်ဒနီဆိပ်ကမ်းသို့ ပြန်လည်ဝင်ရောက်လာစဉ်က ရိုက်ကူးထားခဲ့သည့် ရှေးဟောင်းဓာတ်ပုံကို တွေ့ရစဉ်။) *(ဓာတ်ပုံ-အင်တာနက်)*

## နယူးဇီလန်တွင် လေယာဉ်ငယ်များ အင်ဂျင်စစ်ဆေးရန် ရပ်နားထားရ

**ဝယ်လင်တန် မတ် ၁၆**

နယူးဇီလန်နိုင်ငံရှိ လေယာဉ်ငယ် ၃၀၀ ကျော်နှင့် ရဟတ်ယာဉ်များသည် အင်ဂျင်အတွင်း စက်အစိတ်အပိုင်းအချို့ ချို့ယွင်းနေမည်ကို စိုးရိမ်ရသောကြောင့် စစ်ဆေးရန် ရပ်နားထားကြောင်း နယူးဇီလန် ရေဒီယိုက စနေနေ့တွင် ကြေညာသည်။

ယင်းချို့ယွင်းမှုပြဿနာကို အမေရိကန်ပြည်ထောင်စုတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံအတွင်း မတော်တဆဖြစ်မှု (၁၈) ကြိမ်တွင် အင်ဂျင်စက်များအတွင်း လောင်စာဆီပို့ပေးသောစနစ်မှ ဂတ်စ်ကက်များ ပျက်စီးနေသောကြောင့်ဟု မှတ်တမ်းတင်ထားသည်။

နယူးဇီလန် မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့(စီအေအေ)က လေယာဉ်မောင်းသူများ၊ လေယာဉ်ငယ် ပိုင်ရှင်များအား အင်ဂျင်များ၏ ဆီပို့စနစ်ချို့ယွင်းမှု ရှိနိုင်ကြောင်း အရေးပေါ် ညွှန်ကြားချက် ထုတ်ပြန်သည်။

စီအေအေ ပြောရေးဆိုခွင့်ရှိသူ ဘိလ်ဆွန်မားက လေယာဉ်အင်ဂျင်ကို စစ်ဆေး၍ အပြစ်အနာများကို ပြင်ဆင်မပြီးမချင်း ပျံသန်းခွင့် မပြုကြောင်း ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

## ဘိုလီးဗီးယားတွင် နိုဝင်ဘာလကဖြစ်ပွားခဲ့သည့် မိုးကြီးရေလျှံမှု ၇၃ ဦးသေ၊ ငါးဦးပျောက်ဆုံးပြီး လူတစ်သိန်းခန့် ဒုက္ခရောက်နေရ

**လီမာ မတ် ၁၆**

ဘိုလီးဗီးယားနိုင်ငံတွင် ၂၀၀၇ခုနှစ် နိုဝင်ဘာလအတွင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ၇၃ ဦးသေဆုံးကာ ငါးဦးပျောက်ဆုံးနေပြီး ၉၅၀၀၀ မှာ အတိဒုက္ခရောက်နေရသည်ဟု မြို့ပြကာကွယ် ရေး ဌာနက မတ် ၁၄ ရက်တွင် ပြောကြားသည်။

ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ထူးခြားသော ရေအေးစီးကြောင်းများ ဖြစ်ပေါ်မှုကြောင့် မိုးလေဝသပညာရှင်များက လာနီညာရာသီဥတု ဖြစ်စဉ်ဟု သတ်မှတ်ထားသည်။

ယင်းရာသီဥတုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြောင့် ဘိုလီးဗီးယားနိုင်ငံ၏ တောင်ဘက် ချူကူဆာကာပြည်နယ်တွင် ဆိုးရွားသော ရာသီဥတုအခြေအနေများ ဖြစ်ပေါ်ရခြင်းဖြစ်သည်ဟု လာပက်စ်မှလာသောသတင်းက ဖော်ပြသည်။ လာပက်စ်သည် ဘိုလီးဗီးယားနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည်။

ချူကူဆာကာပြည်နယ်တွင် သေဆုံးသူ ဦးရေသည် ၂၂ ဦးအထိ ရှိသည်။ အခြားဒေသများဖြစ်သည့် စန်တာခရုဇ်နှင့် ကိုချာဘမ်ဗာဒေသများ၌လည်း အသေအပျောက်များ ရှိကြောင်းသိရသည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလသည် ရာသီဥတုကြောင့် အသေအပျောက် အများဆုံးလဖြစ်ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကလည်း ဒုက္ခသည်များအတွက် အကူအညီများ ပေးပို့ခဲ့သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

**အန္တာတိတ်ရေခဲပြင်တွင် ခုတ်မောင်းနေသော တရုတ်နိုင်ငံမှ နှင်းနဂါးအမည်ရှိ ဝင်ရိုးစွန်းသုတေသနသင်္ဘောကို မတ် ၁၆ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ကြေးမုံ The Mirror နိုင်ငံတကာရေးရာ သတင်းများ

## အမေရိကန်သမ္မတလောင်းအဖြစ်ယှဉ်ပြိုင်မည့်သူ မက်ကိန်း အီရတ်နိုင်ငံသို့ လေ့လာရန်ရောက်ရှိ

ဘဂ္ဂဒက် မတ် ၁၇

**အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၃၀၀၀၀ တိုးမြှင့်ချထားခဲ့မှုကြောင့် လုံခြုံရေးအနေအထား တိုးတက်ကောင်းမွန်လာခြင်းရှိ၊ မရှိကို အကဲခတ်လေ့လာရန် ရီပတ်ဘလီကန်ပါတီမှ အမေရိကန်သမ္မတရွေးပွဲအတွက်ယှဉ်ပြိုင်ရန် အမည်စာရင်းပေးသတ်မှတ်ခြင်းခံထားရသူ ဂျွန်မက်ကိန်းသည် အီရတ်နိုင်ငံသို့ရောက်ရှိနေသည်။**

ၾငင်းသည် အီရတ်သို့ မတ် ၁၆ ရက်တွင်ရောက်ရှိပြီး ဘဂ္ဂဒက်ရှိ လုံခြုံရေး အထူးတင်းကျပ်ထားသော အစိမ်းရောင်ဇုန်အတွင်း၌ အီရတ်အစိုးရအဖွဲ့ဝင်များ၊ အမေရိကန် အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာအရာရှိများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အမေရိကန်သံရုံးမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး မီရန် ဘီနန်ဂိုက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့များ တိုးမြှင့်အင်အားဖြည့်တင်းပြီးနောက်ပိုင်း ဖွန်လတွင် အီရတ်၌ဖြစ်ပွားသော ဆူပူတိုက်ခိုက်မှုအရေအတွက်သည်၆၀ရာခိုင်နှုန်း ကျဆင်းသွားပြီး ဇန်နဝါရီလမှစ၍ သောင်းကျန်းမှုအရေအတွက် ကျဆင်းလာသည်ကို တွေ့ရသည်။ သို့သော် ထိုအခြေအနေသည် ဆက်လက်ကျဆင်းလာမည့် အလားအလာ လက္ခဏာတစ်ရပ်မဟုတ်ဟု အမေရိကန် စစ်ဘက်အရာရှိများက ပြောကြားသည်။ မက်ကိန်းသည် အီရတ်၌ အမေရိကန်တပ်ဖွဲ့များ တိုးမြှင့်ချထားရေးအစီအစဉ်ကို ထောက်ခံသူဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

## ဂွါတီမာလာယာသမားများ ဖမ်းထားသော ဘယ်လ်ဂျီယံခရီးသွားလေးဦး ပြန်လွှတ်လာ

**မက္ကဆီကိုစီးတီး မတ် ၁၇**

ဂွါတီမာလာယာသမား အုပ်စုတစ်စုက ဓားစာခံအဖြစ် ဖမ်းထားသော ဘယ်လ်ဂျီယံ ခရီးသွားလေးဦးကို စနေနေ့နှောင်းပိုင်းက ပြန်လွှတ်လိုက်ပြီဟု ဂွါတီမာလာအာဏာပိုင်များက ပြောကြားကြောင်း ဂွါတီမာလာမြို့တော်မှလာသော သတင်းများအရ သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့များက ထိုယာသမားများနေထိုင်ရာ ရိုင်ယိုဒူ(ခ်)မြစ်ကြောင်းတစ်လျှောက် လိုက်လံရှာဖွေပြီးနောက် ဓားစာခံလေးယောက် ပြန်လွှတ်ခြင်းဖြစ်ကြောင်း ဂွါတီမာလာသမ္မတ၏ ဆက်သွယ်ရေး အတွင်းရေးမှူး ရိုနယ်လ်ဒိုရိုဘယ်လ်က စနေနေ့နှောင်းပိုင်းတွင် ပြောကြားသည်။

ထိုလွှတ်မြောက်လာသော ဓားစာခံများကို ပင်လယ်ကမ်းခြေ အနောက်မြောက်အရပ်ရှိ ရေတပ်စခန်းသို့ ခေါ်ဆောင်သွားမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် ဂွါတီမာလာမြို့တော်သို့ တနင်္ဂနွေနေ့ စောစောပိုင်းတွင် ဆက်လက်ခေါ် ဆောင်သွားမှာဖြစ်ကြောင်း ၎င်း၏ အတွင်းရေးမှူးက ဆက်လက်ပြောသည်။

ဂွါတီမာလာမြို့တော်၏ အနောက်မြောက်ဘက်မိုင် ၂၅၀ အကွာရှိ အပန်းဖြေစခန်းတွင် ဌာနေ လမ်းညွှန်နှစ်ဦးနှင့်အတူ ၅၉ နှစ်နှင့် ၆၄ နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံ စုံတွဲ နှစ်တွဲကို သောကြာနေ့က ပြန်ပေးဆွဲသွားကြခြင်းဖြစ်သည်။

ပြန်ပေးသမားများဖြစ်ကြသော ဂွါတီမာလာယာသမားအုပ်စုသည် ၎င်းတို့၏ ခေါင်းဆောင်ရာမီရိုချော့ကို ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ရာမီရိုချော့ကို တရားမဝင် ယာမြေများကို ကျူးကျော်စိုက်ပျိုးခြင်း၊ ဓားပြတိုက်ခြင်း၊ အစိုးရအရာရှိများကို ရန်ပြုခြင်းနှင့် ဌာနေများ အားမြေယာများကို အဓမ္မယူရန်နှင့် အကာအကွယ်ပေးထားသော သဘာဝကြိုးဝိုင်းသစ်တောမြေများကို ရယူရန် လှုံ့ဆော်သွေးထိုးပေးသည်ဟူသော စွပ်စွဲချက်ဖြင့် ဖေဖော်ဝါရီ ၁၄ ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အာကာသယာဉ်မှူး ရစ်လိုင်နီဟန် နိုင်ငံတကာ အာကာသစခန်းယာဉ်မှ အာကာသအတွင်းထွက်ကာ စက်ရုပ်လက်မောင်းနှစ်ခု တပ်ဆင်နေသည်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

## ဂါဇာကမ်းမြောင်နှင့် အနောက်ဘက်ကမ်းကို အစ္စရေးက ဆက်လက်တိုက်ခိုက် အစ္စရေးနှင့် အပစ်အခတ်ရပ်စဲမည့် သဘောတူညီချက် ဟားမတ်စ်ပယ်ချ

ဂါဇာ မတ် ၁၇

**အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်ဒေသနှင့် အနောက်ဘက်ကမ်းမှ စစ်သွေးကြွများကို ဆက်လက်တိုက်ခိုက်နေသဖြင့် ဟားမတ်စ်နှင့် အစ္စလာမ့်စ် ဂျီဟက်လှုပ်ရှားမှုအဖွဲ့မှ ခေါင်းဆောင်များက အစ္စရေးနှင့် အပစ်အခတ်ရပ်စဲစေမည့် သဘောတူညီချက်ကို ပယ်ချလိုက်သည်။**

အစ္စရေးတို့သည် ဂါဇာနှင့် အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်း စစ်သွေးကြွများအား ဆက်လက်တိုက်ခိုက်လျက်ရှိရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိစေရန် ကြိုးပမ်းချက်များ ပျက်စီးရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဂါဇာရှိ အစ္စလာမ့်စ် ဂျီဟက်ထိပ်တန်း ခေါင်းဆောင် ခါလက်အယ်လ်ဘက်ရှ်က ပြောကြားသည်။

အစ္စရေးက အစ္စလာမ့်စ် ဂျီဟက် စစ်သွေးကြွ သုံးဦးကို စနေနေ့က သတ်ဖြတ်ခဲ့ပြီး ခြောက်ဦးကို ဒဏ်ရာရစေခဲ့ကြောင်း တစ်ဦးမှာ ဟားမတ်စ် စစ်သွေးကြွဖြစ်ပြီး ရရှိသည့်ဒဏ်ရာဖြင့် ဆေးရုံတွင် တနင်္ဂနွေနေ့က သေဆုံးခဲ့ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ဘင်္ဂလားဒေ့ရှ်တွင် စားသုံးဆီအပေါ် ကောက်ခံနေသည့် သွင်းကုန်အခွန် ပယ်ဖျက်ပေးမည်ဟု ပြောကြား

ဒါကာ မတ် ၁၇

**ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စားသုံးဆီဈေးနှုန်းများ ကြီးမြင့်နေသည့်အတွက် အခြေအနေကိုထိန်းသိမ်းရန် ဘင်္ဂလားဒေ့ရှ် အိမ်စောင့်အစိုးရအဖွဲ့သည် ပြည်တွင်းသို့တင်သွင်းနေသော စားသုံးဆီများအပေါ်၌ ကောက်ခံနေသည့် အကောက်ခွန်ကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အထက်တန်းအရာရှိတစ်ဦးက မတ် ၁၆ ရက်တွင် ပြောကြားသည်။**

အဆိုပါကိစ္စနှင့် ပတ်သက်သည့် အမိန့်ညွှန်ကြားချက်ကို အမျိုးသား အခွန်ဦးစီးဘုတ်အဖွဲ့က လာမည့် တစ်ရက်နှစ်ရက်အတွင်း ထုတ်ပြန်သွားရန်ရှိသည်ဟု ဘဏ္ဍာရေးဆိုင်ရာ အကြံပေးအရာရှိ မီအာဇာအဇီဇူးလ် အစ္စလာမ့်က ပြောကြားသည်။

လက်ရှိအခြေအနေတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စားသုံးဆီများအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံလျက်ရှိသည်။ အကယ်၍ သွင်းကုန်ခွန် လျှော့ချပေးလိုက်လျှင် ပြည်တွင်း၌ ရောင်းချနေသော စားသုံးဆီဈေးနှုန်းသည်လည်း ကျဆင်းလာနိုင်သည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ပါကစ္စတန်နိုင်ငံ၌ အိမ်တစ်လုံး ဒုံးကျည်ထိမှန်၊ ရှစ်ဦးသေ

**ဝါနာ (ပါကစ္စတန်) မတ် ၁၇**

ပါကစ္စတန်နိုင်ငံ ဝါဇီစီတန်တောင်ပိုင်း ကျေးရွာတစ်ရွာရှိ အိမ်တစ်လုံးအား တနင်္ဂနွေနေ့က ဒုံးကျည် သုံးစင်း ထိမှန်ရာ နိုင်ငံခြားသား လက်နက်ကိုင်စစ်သွေးကြွများ အပါအဝင် ၁၂ ဦး သေဆုံးကြောင်း ဒေသဆိုင်ရာ အရာရှိများက ပြောသည်။

နိုင်ငံခြားသားရှစ်ဦးနှင့် ၎င်းတို့အား ထောက်ခံသူ လေးဦးသေဆုံးကြောင်း အမည်မဖော်ပြလိုသော ခရိုင်အရာရှိက ပြောသည်။

နိုင်ငံခြားသားများမှာ မည်သည့်နိုင်ငံမှဖြစ်ကြောင်းကို မသိရသော်လည်း ဒေသခံများက သေဆုံးသူများထဲတွင် အာရပ်လူမျိုးများ ပါဝင်ကြောင်း ပြောကြားသည်။

စစ်သွေးကြွ လက်နက်ကိုင်များသည် အိမ်ထဲတွင် ပုန်းအောင်းနေကြသည်ဟု ယုံကြည်ရကြောင်း စစ်တပ်အရာရှိတစ်ဦးက အစောပိုင်းတွင် ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ဝမ်းဗိုက်အတွင်း ကိုကင်းတစ်ပေါင်ခန့် ဆေးတောင့်ပြုလုပ်ပြီး မျိုချယူလာသူ အမေရိကန်နိုင်ငံသားတစ်ဦးအား ကော်စတာရီကာ၌ ဖမ်းဆီးရမိ

ဆန်ဂျို့စ်(ကော်စတာရီကာ) မတ် ၁၇

**ကော်စတာရီကာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ လေယာဉ်ဖြင့်ခရီးသွားမည့် အမေရိကန်နိုင်ငံသားတစ်ဦးသည် မူးဝေအော့အန်သည့်အတွက် စစ်ဆေးကြည့်ရာ ၎င်းသည် ဝမ်းဗိုက်အတွင်း၌ ကိုကင်းတစ်ပေါင်ခန့် ခိုးဝှက်သယ်ဆောင်လာသည်ကို တွေ့ရှိပြီးနောက် ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲဘက်ဆိုင်ရာက မတ် ၁၄ ရက်တွင် ပြောကြားသည်။**

အသက် ၂၂နှစ်ခန့်ရှိသူ အမေရိကန်လူမျိုး ကီလာပါဆိုသူသည် မတ် ၁၄ ရက်က ဆန်ဂျို့စ်လေဆိပ်မှလေယာဉ်ပေါ်သို့မတက်မီ မူးယစ်ဆေးဝါးများပါရှိသော ဆေးတောင့်များကို မျိုချခဲ့သည်။

လေယာဉ်မတက်မီ အချိန်တွင် ၎င်းသည် အလွန်အမင်းမူးဝေအော့အန်လာသဖြင့် အရေးပေါ်ဆေးရုံ တင်လိုက်ရာမှ အမှုမှန်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဆေးဝန်ထမ်းများသည် ၎င်းအား ကယ်တင်ရန် ဝမ်းဗိုက်ကို ခွဲစိတ်ခဲ့ရကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မရီလို့စ်ဘာဘိုဆာက ပြောကြားသည်။

ကိုကင်း မှောင်ခိုသယ်ဆောင်ရန် ကြိုးပမ်းသည့် ကီလာပါနှင့်ဆိုလျှင် ယခုရက်အတွင်း မူးယစ်ဆေးဝါးမှုဖြင့် လေဆိပ်၌ အဖမ်းခံရသူ အမေရိကန်နိုင်ငံသားနှစ်ဦးရှိသွားပြီဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

**ဂျော်ဂျီယာပြည်နယ် အတ္တလန္တာမြို့တွင် လေမုန်တိုင်းတိုက်ခတ်ပြီးနောက် ပြုတ်ကျသွားသော ပိုစတာကြီးတစ်ခုကို ရှင်းလင်းသယ်ဆောင်စဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

## ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဗုံးနှစ်ကြိမ်ပေါက်ကွဲ နှစ်ဦးသေဆုံး ၁၈ဦး ဒဏ်ရာရ

**ပတ္တနီ မတ် ၁၇**

ထိုင်းနိုင်ငံမှ မငြိမ်မသက်ဖြစ်ပွားနေသည့် တောင်ပိုင်းဒေသတွင် သီးခြားနှစ်နေရာ၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၈ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပတ္တနီပြည်နယ်ရှိ ဟိုတယ်ဝင်ပေါက်အနီးတွင် မော်တော်ယာဉ်အတွင်း သိုဝှက်ထားသည့် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသည့် ဗုံးကြောင့် တစ်ဦးသေဆုံးပြီး အခြား ၁၃ဦး စနေနေ့က ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းပေါက်ကွဲမှုတွင် လူသုံးဦးအပြင်းအထန်ဒဏ်ရာရရှိခဲ့ပြီး ဗုံးဒဏ်ကြောင့် မော်တော်ယာဉ်များစွာ ပျက်စီးကာ ပတ္တနီဟိုတယ်၏ မျက်နှာစာလည်း ထိခိုက်ပျက်စီးခဲ့သည်ဟု ဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ❑ ထောက်ပံ့ပို့ဆောင်ရေးမှ

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်နှင့် ရေကြောင်း ပညာသိပ္ပံတို့မှ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်က "အာဆီယံ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှု ပန်းတိုင်အဖြစ် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community) ထူထောင်ရန် အထူးဦးစားပေးကဏ္ဍ (၁၂)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ တင်ပြချက်" ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲကို ကျင်းပရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြန်မာ့မီးရထား၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ကြီးကြပ်သူအဖြစ် ဆောင်ရွက်ကြပြီး စာတမ်းရှင်ခြောက်ဦးတို့က "ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ် ချောမွေ့စွာ ဆောင်ရွက်နိုင်မည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု အပြည့်အဝ အသုံးချရေး (Fully Utilization of Infrastructure Development) စာတမ်းကို ဖတ်ကြားဆွေးနွေးပြီး တာဝန်ရှိသူများက သက်ဆိုင်ရာ စာတမ်းများကိုကဏ္ဍအလိုက် ဖတ်ကြားဆွေးနွေးကြကာ ပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

**ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ စုစည်းမြှင့်တင်ဆောင်ရွက်နိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ တွင် အမှာစကား ပြောကြားစဉ်။** (ပို့ဆောင်ရေး)

# (၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။
၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။
၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## ● ကျောဖုံးမှ

ထို့သို့ နိုင်ငံတော်၏ ရေ၊ မြေ၊ သဘာဝအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် နိုင်ငံသားတိုင်း၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်လျက်ရှိသဖြင့် တိုင်းရင်းသား ပြည်သူများအားလုံးက သစ်တောများ၊ ရှားပါးသော သားငှက်များနှင့် တောရိုင်းတိရစ္ဆာန်များ အပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်သည်။

နိုင်ငံတော်ကြီးကို မည်သည့် ခေတ်အခါနှင့်မျှမတူအောင် နိုင်ငံတော်အစိုးရက အမြော်အမြင်ကြီးမားစွာ နိုင်ငံနှင့်အဝန်း ဘက်စုံကဏ္ဍစုံ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် နေ့မနား ညမအား အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို ပြည်သူအများမျက်ဝါး ထင်ထင် မြင်တွေ့သိရှိခံစားနေကြရပြီ ဖြစ်သည်။

နေပြည်တော်သည် အချိန်ကာလတစ်ခုအတွင်း ခမ်းနားထည်ဝါလှသည့် မြို့တော်ခန်းမ၊ သာသနာရေး ဆိုင်ရာ စေတီပုထိုးများ၊ ဝန်ကြီးဌာနရုံးများ၊ အဆင့်မြင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ၊ ဟိုတယ်ဇုန်များ၊ အဆင့်မြင့်ဈေးကြီးများ၊ ဂေါက်ကွင်းကြီးများ အဆင့်မြင့်ရုပ်ရှင်ရုံ၊ ရေပန်းဥယျာဉ်၊ ကွန်ကရစ် လမ်းမကြီးများ စသည်တို့ဖြင့် ခံ့ညားထည်ဝါစွာ ဖြစ်ထွန်းလာခဲ့ပြီဖြစ်ရာ မြင်တွေ့ရသူ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများသည် အံ့သြမဆုံးဖြစ်ကြရသည်။

ထို့ပြင် အဆင့်မီ တိရစ္ဆာန်ဥယျာဉ်ကြီးတစ်ခု ဖြစ်ပေါ်လာရေးအတွက် ၂၀၀၇ခုနှစ် မတ်လမှစတင်၍ ဆောင်ရွက်ခဲ့ရာ သစ်တောရေးရာဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ နိုင်ငံသားပုဂ္ဂလိက ကုမ္ပဏီများ၏ အတွေ့အကြုံနှင့် စေတနာတို့ကြောင့် ခေတ်မီနိုင်ငံတကာ အဆင့်မီ သာယာလှပသည့် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကြီး ပေါ်ထွန်းလာပြီဖြစ်သည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကြီး တည်ဆောက်ရခြင်း၏ အခြေခံရည်ရွယ်ချက်များမှာ–

**(၁) နေပြည်တော်တွင် နိုင်ငံတကာ အဆင့်မီ တိရစ္ဆာန်ဥယျာဉ် (Nay Pyi Taw Zoological Park) တည် ဆောက်ပြီး နေပြည်တော်၏ ဂုဏ်အင်္ဂါကို မြှင့်တင်ရန်၊**
**(၂) နေပြည်တော်ရှိ ပြည်သူများနှင့် ဝန်ထမ်းများသာမက နိုင်ငံတော်အတွင်းရှိ ပြည်သူများ လာရောက်အပန်းဖြေနိုင်ရန်၊**
**(၃) ပြည်တွင်းပြည်ပမှ စိတ်ပါဝင်စားသူများ လာရောက်လေ့လာနိုင်ရန်တို့ဖြစ်သည်။**

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကြီးသည် ရေဆင်းဆည်အနီး ရန်ကုန်–မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၂၅၆ နှင့် မိုင်တိုင်အမှတ် ၂၅၇ အကြား လမ်းမကြီး၏ အရှေ့ဘက်တွင်ကပ်လျက်တည်ရှိပြီး ၆၁၂ဧက ကျယ်ဝန်းသည်။

သဘာဝတောတောင်နှင့် ရေမြေကောင်းမွန်ပြီး အရှေ့ရိုးမ (ရှမ်းရိုးမ) ကို မှေးတင်တည်ရှိနေသည့်အတွက် သဘာဝသစ်ပင်များ ပေါက်ရောက်မှု၊ သဘာဝရေကန်နှင့် ကျောက်တုံးကျောက် ဆောင်များတည်ရှိမှု၊ သဘာဝကျောက်တောင်ကမ်းပါးများ တည်ရှိမှုတို့ကြောင့် သွင်ပြင်ထူးခြားသောဒေသတစ်ခုဖြစ်ပေသည်။

နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ်ကြီး ဖြစ်ပေါ်လာရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ပြည်တွင်း ပြည်ပမှ ပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်းခဲ့သည်သာမက အိန္ဒိယသမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်း၊ တာ့လျံ၊ ကွမ်ကျိုး၊ ချိုင်လောင်ဆာဖာရီတိရစ္ဆာန်ဥယျာဉ်များနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဒူးဆစ်တိရစ္ဆာန်ဥယျာဉ်များသို့လည်း ကျွမ်းကျင်ပညာရှင်များ စေလွှတ်ကာ လေ့လာစေခဲ့သည်။

ကျွမ်းကျင်သူများသည် ပြည်ပနိုင်ငံများရှိ တိရစ္ဆာန်ဥယျာဉ်များ၏ တည်ဆောက်မှုပုံစံများ၊ ပြသသည့် တိရစ္ဆာန်များနှင့် ပြကွက်၊ အကျယ်အဝန်း ဖွဲ့စည်းသတ်မှတ်မှု၊ ပြကွက်များအတွင်း တိရစ္ဆာန်များ ထိန်းသိမ်းမှုနှင့် သွားလာလှုပ်ရှားရေးအတွက်စီစဉ်ဆောင်ရွက်မှု၊ အစားအစာကျွေးမွေးမှုနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများကို အသေးစိတ် လေ့လာဆည်းပူးခဲ့ကြသည်။

နေပြည်တော် တိရိစ္ဆာန်ဥယျာဉ်ကို ၂၀၀၇ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှ စတင်၍ သစ်တောရေးရာဝန်ကြီးဌာနနှင့် လုပ်ငန်းဆက်စပ်မှုရှိသည့် ကုမ္ပဏီ ၂၃ ခုတို့ ပူးပေါင်းကာ လုပ်ငန်းများရပ်နားစခန်း၊ ကား၊ ရထားပတ်လမ်းနှင့် အတွင်းလျှောက်လမ်းများ တိရစ္ဆာန်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများကိုလည်း ပုံစံတကျ သတ်မှတ်တည်ဆောက်ပြီး ထူးခြားသည့် မြေယာအလှဆင်မှုများကိုလည်း လှပခေတ်မီစွာ ဖန်တီးထည့်သွင်းထားသည်။

ယုန်သမင် (ရှားပါး)

အချိန်မီ ပုံစံကျ ပြီးမြောက်စေရေးအတွက် ငွေကြေး၊ လူအင်အား၊ ယာဉ်ယန္တရား အများအပြား အသုံးပြုကာ နေ့ညမပြတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

ထည်ဝါခံ့ညားသည့် တိရစ္ဆာန်ဥယျာဉ်ကြီးဖြစ်သည်နှင့်အညီ လှပဆန်းသစ်သည့် အဝင်မုခ်ဦး၊ ရေပန်းအဝိုင်း၊ ပလာဇာအဆောက်အအုံများ၊ ရှင်းလင်းဆောင်၊ ပညာပေးပြခန်းများ၊ ယာဉ်

တိရစ္ဆာန်ဥယျာဉ်ကြီးအတွင်း ထားရှိမည့် တိရစ္ဆာန်များ ရွေးချယ်ရာတွင်လည်း မြန်မာနိုင်ငံအတွင်းမှ ထင်ရှားသည့် တိရစ္ဆာန်များသာမက သားပိုက်ကောင်၊ ပင်ဂွင်း၊ ကျားဖြူ စသည့် ကမ္ဘာ့ရှားပါး တိရစ္ဆာန်များနှင့် ငှက်မျိုးစုံ၊ ညဥ့်ထွက်သတ္တဝါများကို ကုမ္ပဏီများနှင့် ညှိနှိုင်းပြီး ခက်ခဲတန်ဖိုးကြီးစွာ စုဆောင်း၍ ပြသထားသည်။

တိရစ္ဆာန်များကို နို့တိုက်သတ္တဝါ၊ ကျေးငှက်သတ္တဝါနှင့် တွားသွားသတ္တဝါဟူ၍ အမျိုးအစား သုံးမျိုးခွဲခြားပြသထားပြီး နို့တိုက်သတ္တဝါ ၃၉မျိုး၊ ကျေးငှက် သတ္တဝါအမျိုး ၃၀၊ တွားသွားသတ္တဝါ ၁၂မျိုး စုစုပေါင်း ၈၁မျိုးတို့ကို တိရစ္ဆာန်ပြကွက် ၂၇ ကွက်ဖြင့် စုစုပေါင်း ကောင်ရေ ၄၂၃ ကောင် ပြသထားသည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကြီးသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ မန္တလေး ရတနာပုံ တိရစ္ဆာန်ဥယျာဉ်တို့ကဲ့သို့ မြို့ပြဧရိယာအတွင်း တည်ဆောက်ထားခြင်းမဟုတ်ဘဲ သွင်ပြင်ကွဲပြားသည့် သဘာဝတောတောင်များအတွင်းတည်ဆောက်၍ အလွန်ပင်စိတ်ဝင်စားဖွယ်ကောင်းသည်။

တိရစ္ဆာန် ပြကွက်များမှာလည်း လုံလောက်သည့် အကျယ်အဝန်းပမာဏဖြင့် သဘာဝပုံစံများ ခင်းကျင်းထားခြင်း၊ တိရစ္ဆာန်လိမ္မာပြပွဲ၊ ဆင်လိမ္မာပြပွဲများ စသည့်တိရစ္ဆာန်များ၏ စွမ်းရည်ကျွမ်းကျင်မှုပြပွဲများ၊ ဆင်စခန်းအတွင်း ဆင်စီးလှည့်လည်ကြည့်ရှုခြင်း၊ ညနေဆည်းဆာ မီးအလှထွန်းညှိခြင်း၊ ကားရထားဖြင့် လှည့်လည်ကြည့်ရှုခြင်းများ စီစဉ်ထား၍ ထူးခြားသည့် စိတ်အပန်းဖြေမှုများကိုလည်း တွေ့ကြုံခံစားကြရမည်ဖြစ်သည်။

ထို့အပြင်ဥယျာဉ်အတွင်းသို့လာရောက်လေ့လာအပန်းဖြေကြမည့် မိသားစုများ၏ ကလေးငယ်များအတွက် ခေတ်မီကစားကွင်းများ၊ အဆင့်မြင့်စားသောက်ဆိုင်များ၊အမှတ်တရပစ္စည်းအရောင်းဆိုင်များကိုလည်း ထည့်သွင်းတည်ဆောက်ထားရာ လာရောက်ကြသူပြည်သူများ ကြည်နူး နှစ်သိမ့်မှုရရှိနိုင်မည်ဖြစ်သည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကြီးသည် တည်ရှိပြီးသော တိရစ္ဆာန်ဥယျာဉ်များနှင့်မတူတစ်မူထူးခြားသည့်သဘာဝသစ်တောသစ်ပင်များ၊ သဘာဝကျောက်တုံးကျောက်ဆောင်များ တည်ရှိသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ရုက္ခဗေဒဆိုင်ရာ ဗဟုသုတတိုးပွားလိုသူများအတွက် တစုတစည်းတည်း လေ့လာစရာ အခွင့်အလမ်းတစ်ရပ်ဖြစ်ပေသည်။

ပြည်သူများ စိတ်ကြည်နူးအပန်းပြေပြီး ဗဟုသုတများ တိုးပွားစေရန်အတွက် ခေတ်မီနိုင်ငံတကာအဆင့်မီ သာယာလှပသည့် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်ကြီးကို (၅)လအတွင်း နေ့ညကြိုးစားတည်ဆောက်ခဲ့ရာ မကြာမီကာလအတွင်း ခမ်းနားစည်ကားစွာ ဖွင့်လှစ်ပြသတော့မည်ဖြစ်၍ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ စိတ်ပါဝင်စားသူများ လာရောက်လေ့လာ အပန်းဖြေကြည့်ရှုနိုင်ကြတော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးရေးသားတင်ပြလိုက်ပါသည်။ ။

ဆင်များ စွမ်းရည်ပြသနေစဉ်။

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၁၈–၃–၂၀၀၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | ရင်းငြိမ်ရေထိန်းတံခါး |
| ၇:၄၅ | ၅။ | **ပေါင်ပေါ်ကျတဲ့မီး (ရဲအောင်၊ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ဘုန်းလျှံ၊ ဟန်နီထွန်း၊ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ–မောင်မောင်မြင့်လွင်၊မင်းအုပ်စိုး)** |
| ၈:၀၀ | ၆။ | တေးဂီတအစီအစဉ် |
| ၈:၁၅ | ၇။ | မြန်မာမှုပန်းဆယ်မျိုး (ပန်းထိမ်) |
| ၈:၂၀ | ၈။ | (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၈:၃၀ | ၉။ | International News. |
| ၈:၄၅ | ၁၀။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄:၁၀ | ၂။ | တပ်မတော်နေ့ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲဆုရတေးများ |
| ၄:၂၅ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ) |
| ၄:၄၀ | ၄။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၄:၅၅ | ၅။ | အတီးပြိုင်ပွဲ |
| ၅:၀၀ | ၆။ | တေးဂီတအစီအစဉ် |
| ၅:၁၀ | ၇။ | ဆိုကြမယ်ပျော်ကြမယ် |
| ၅:၅၀ | ၈။ | (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၆:၀၀ | ၉။ | ညနေခင်းသတင်း |
| ၆:၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၁။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆:၅၀ | ၁၂။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၇:၁၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ်––ချစ်တယ်" (အပိုင်း–၉)** |
| ၈:၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | သူရွှေးသီရာတေးကဗျာ |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျဉ်းပြိုင်"(အပိုင်း–၁၃)** |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

# ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအားဂုဏ်ပြု

ရန်ကုန် မတ် ၁၇

**ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁၆ရက် နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ထန်းတပင်မြို့နယ် အစုကြီးကျေးရွာရှိ လယ်သမားကြီး ဦးမောင်မောင်ထွေး၏ အစေ့ထုတ်ပြောင်း စံပြနှစ်ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

အစီအစဉ်အရ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်က ထန်းတပင်မြို့နယ်အတွင်း ဖေဖော်ဝါရီ ၂၄ရက်မှ မတ် ၈ရက်အထိ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ကလိန်ကျေးရွာမှ ဒေသခံပြည်သူ ဦးသံမဏိက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူးက မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု တစ်ပြေးညီဖြစ်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ်ဆေးရုံ၊ အရှည်ပေ ၁၅၈၀၊ အကျယ် ၁၂ပေရှိ ဘုရင့်နောင်မြို့ပတ်လမ်းဖောက်လုပ်ပြီးစီးမှု၊ အစုကြီးကျေးရွာရှိ လယ်သမားကြီး ဦးမောင်မောင်ထွေး၏ အစေ့ထုတ်ပြောင်း စံပြနှစ်ဧကနှင့် မရွှေဥကျေးရွာရှိ နွေစပါးစံပြ ၂၅ဧကနှင့် အထွက်နှုန်းကောင်း စမ်းသပ်မျိုးယှဉ်ပြိုင်စိုက်ကွင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် မတ် ၁၇

မြောက်ဥက္ကလာပမြို့ (င)ရပ်ကွက် သန္တာ (၁၅)လမ်း မာရ်အောင်ကျောင်းတိုက် နတ်မောက်ကျောင်းအတွင်း တည်ထားကိုးကွယ်သော ပြည်လုံးချမ်းသာ အောင်သိဒ္ဓိစေတီတော်မြတ်ကြီးနှင့် အရံစေတီ ၇၅ဆူ၊ ရုပ်ပွားတော် ၅၈၃ဆူတို့အား (၁၃၆၉ခုနှစ်၊ တပေါင်းလပြည့်နေ့) မတ် ၂၁ရက်တွင် ဗုဒ္ဓါဘိသေကမင်္ဂလာနှင့် သံဃာတော်အပါး ၃၉၀ကို နံနက် ၅နာရီ၌ အရုဏ်ဆွမ်းလောင်းလှူပြီး စာရေးတံမဲများလှူဒါန်းမည်ဖြစ်သည်။ ညနေ ၃နာရီတွင် ပင့်သံဃာ ၇၂ပါးအား ဆွမ်းဆန်စိမ်းများလောင်းလှူပွဲသို့ ပါရမီရှင်များကြွရောက် ကြည်ညိုလှူဒါန်းပူဇော်နိုင်ပါကြောင်း ဖိတ်ကြားထားသည်။ (က-ပ)

## ပုပ္ပား(၂) မိုးကုတ်ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် မတ် ၁၇

မြောက်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်၊ ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ညစဉ်တရားပွဲ ဖွင့်လှစ်လျက်ရှိရာ တပေါင်းလ တရားစခန်းပွဲကို (၁၃၆၉ ခု တပေါင်းလပြည့်ကျော် ၃ရက်) မတ် ၂၄ ရက် (တနင်္လာနေ့) ညနေအရောက်လာကြရန်နှင့် တန်ခူးလ သင်္ကြန်တရားစခန်းပွဲကို (၁၃၆၉ခု တန်ခူးလဆန်း ၅ရက်) ဧပြီ ၁၀ရက် (ကြာသပတေးနေ့) ညနေ အရောက် ယောဂီများ လာရောက်ကြရမည်ဖြစ်ပါသည်။

တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ-မဟာဓမ္မာစရိယ) တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း ဟောကြားကြမည်ဖြစ်ပါ၍ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉သို့ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ဘဒ္ဒန္တ သုန္ဒရဓမ္မသဘင်

ရန်ကုန် မတ် ၁၇

မိုးကုတ်မြို့ ကုန်းမြင့်သာယာရပ် ဓမ္မရုံသီမိုးကုတ်ရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တသုန္ဒအရှင်မြတ်၏ တရားပွဲကို မတ် ၂၁ ရက်မှ ၂၃ ရက်အထိ ကြားတောရလမ်း ဗဟန်းမြို့နယ် မင်္ဂလာဈေးဓမ္မာရုံ၌ ညစဉ် ၇ နာရီမှ စတင်ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## မန္တလေးအသင်း ဂုဏ်ပူဇာသဘင်နှင့် နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

နိုင်ငံတော်အစိုးရက ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရာဘိဝံသနှင့် မန္တလေးတိုင်း အမရပူရမြို့နယ် ယဉ်တော်ရပ် ဝိသုဒ္ဓါရုံ ရေဦး ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကုလသာရာဘိဝံသတို့အား မန္တလေးအသင်း (ရန်ကုန်)မှ ဂုဏ်ပူဇာသဘင်ကို မတ် ၂၂ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်-၆၂၈/၆၃၂ ကုန်သည်လမ်း မန္တလေးအသင်းတိုက်၊ ရတနာပုံခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ပါဝင်လိုသူများ အသင်းတိုက် ဖုန်း-၃၈၈၆၀၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မန္တလေးအသင်း (ရန်ကုန်)၏ (၃၁) ကြိမ်မြောက် အသင်းသား စုံညီနှစ်ပတ်လည်အစည်းအဝေး၊ (၃၂) ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ၊ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ၊ အောင်ပွဲရအားကစားသမားများဂုဏ်ပြုပွဲ၊ မန္တလေး ချမ်းသာကြီး ဆန်လှူအသင်းအား ဆွမ်းဆန်တော်ငွေ လှူဒါန်းပွဲကို မတ် ၃၀ရက် နံနက် ၉နာရီတွင် အသင်းတိုက် ရတနာပုံခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ တက္ကသိုလ်ဝင် စာမေးပွဲ၊ တက္ကသိုလ်နောက်ဆုံးနှစ် စာမေးပွဲများတွင် ဂုဏ်ထူးရအသင်းဝင်များ၏ သား၊ သမီးများ၊ ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်များ၊ အောင်ပွဲရအားကစားသမားများ အသင်းတိုက်သို့ ဆက်သွယ် စာရင်းပေးနိုင်သည်။ စေတနာရှင်များ၊ အသင်းဝင်များ ကူညီပံ့ပိုးလှူဒါန်းမှုများလည်း ပြုလုပ်နိုင်ကြောင်း သိရသည်။ (က-ပ)

## သွေးဆေးကန် ဆရာတော် တရားစခန်းပွဲများ

ရန်ကုန် မတ် ၁၇

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်နာယက ကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပ သာသနာပြု ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ(B.Sc, Phy)သည် တပေါင်းလပြည့်ကျော် ၂ ရက်မှ ၈ ရက်အထိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်-၂၄၃ ပေါင်မြို့ မွန်ပြည်နယ်၌လည်းကောင်း၊ တပေါင်းလပြည့်ကျော် ၁၀ ရက်မှ ၁၂ ရက်အထိ မုတ်ကျွန်းထားဝယ်၌လည်းကောင်း၊ တပေါင်းလပြည့်ကျော် ၁၄ ရက်မှ တန်ခူးလဆန်း ၅ရက်အထိ ဖောင်းတောရဖြူ ထားဝယ်၌လည်းကောင်း၊ တန်ခူးလဆန်း ၇ရက်မှ ၁၃ ရက်အထိ သင်္ကြန်ပွဲ အုန်းပင်ကွင်း ထားဝယ်၌လည်းကောင်း၊ တန်ခူးလပြည့်ကျော် ၃ ရက်မှ ၉ ရက်အထိ သရက်ငူကျေးရွာ အဖွဲ့ခွဲ(၃၃၅)၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## စတုဘုမ္မိက တရားစခန်းပွဲ

ရန်ကုန် မတ် ၁၇

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားကပ်စံပြကျေးရွာ စတုဘုမ္မိကကျောင်း ဆရာတော် ဘဒ္ဒန္တမုဒိတ ကျောင်း၌ ရွှေမင်းဝံငှက်တွင်းဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း ခုနစ်ရက်တရားစခန်းကို မတ် ၂၁ ရက်မှစ၍ ဘဒ္ဒန္တကုမာရ (သာသနဓဇ ဓမ္မာရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ တိုင်းသံဃနာယက) ရန်ကုန်တိုင်း သဃ်န်းကျွန်း ပြည်သာယာ စတုဘုမ္မိကရိပ်သာ ဆရာတော်က ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ တရားစခန်းကော်မတီ (ဘားကပ်ရွာ) တို့နှင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

## ရွှေတိဂုံစေတီတော်တပေါင်းပွဲတော် သောက်ရေသန့်ဘူးများလှူဒါန်းနိုင်

ရန်ကုန် မတ် ၁၇

၁၃၆၉ခုနှစ်၊ တပေါင်းလပြည့် မတ် ၂၁ရက်(သောကြာနေ့)ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်တွင် ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်း၏ (၁၀၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ငွေကျပ် ၄၅သိန်းတန်ဖိုးရှိ သောက်ရေသန့်ဘူးပေါင်း ငါးသောင်းကို စတုဒိသာဒါနပြုလှူဒါန်းမည်ဖြစ်သည်။

ယခုအထိ သောက်ရေသန့်ဘူးပေါင်း ရှစ်သိန်းရှစ်သောင်းလှူဒါန်းပြီးဖြစ်သည်။ ရာသက်ပန် သောက်ရေသန့်ပဒေသာပင် တစ်ပင်လျှင် အနည်းဆုံး ငွေကျပ်တစ်သောင်းနှုန်းဖြင့် ဖုန်း-၃၈၁၇၃၆နှင့် ၃၈၃၅၁၁ လိုင်းခွဲ ၁၇၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကွယ်လွန်သူ မိခင်ကြီး ဒေါ်ရင်မေအား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှမ်းရိပ်သာလမ်းနေ သား၊ သမီး၊ မြေးများ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ-နိ(ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ရတနာသိဃ်ပရိယတ္တိစာသင်တိုက် ကျောင်းဆောင်သစ်နှင့် တိုးချဲ့မြေအတွက် လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ကန်လမ်းနေ ဦးရန်နိုင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးစီးမှူး(ငြိမ်း)-ဒေါ်စန်းစန်းမိသားစုတို့က ဦးရန်နိုင်၏ မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် တတိယအကြိမ်မြောက် အလှူငွေကျပ်ငါးသိန်းကို ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနေမိန္ဒာဘိသိရီ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## သကျမာရဇိန်သွန်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး၏ (၈၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို မတ် ၁၄ ရက် နံနက်ပိုင်းက ဘုရားမုခ်ဦးရှေ့၌ ကျင်းပသည်။ **(အောက်ပုံ)**

သကျမာရဇိန်သွန်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်နေ့အထိ ဇာတ်ပွဲများ၊ ကြည့်ချင်ပွဲများ၊ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မြို့နယ်အသီးသီးမှ ဈေးဆိုင်ခန်းများ ၄၄၉ ဆိုင် လာရောက်ရောင်းချကြပြီး နယ်ခံဈေးသည်များ၊ အညာကုန်ပစ္စည်းများဖြင့် အထူးစည်ကားကြောင်း သိရှိရသည်။ (သတင်းစဉ်)

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် အကျိုးကျေး

ယခုအခါ အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲပြီးဖြစ်ပေသည်။ လာမည့် ၂၀၀၈ခုနှစ် မေလတွင် အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းသွားတော့မည်ဖြစ်သည်။ အတည်ပြုလိုက်သည့် အခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ပြည့်နှစ်တွင် ကျင်းပသွားမည်ဖြစ်ရာ ပြည်သူတို့၏လိုအင်ဆန္ဒအတိုင်း ပြည်သူ့ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ပေါ်ထွန်းလာပေတော့မည်။

အဆိုပါ **ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ကြားသိရသူတိုင်း ဝမ်းသာအားရရှိနေကြပါသည်။ မြန်မာနိုင်ငံအပေါ် စိတ်ရင်းစေတနာမှန်ထားရှိကြသည့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများကလည်း မှန်ကန်သောခြေလှမ်းများအဖြစ် ကြိုဆို ထောက်ခံနေကြပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံးကပင် မူဝါဒလမ်းစဉ်(၇)ရပ် ဖော်ဆောင်မှု၌ အချိန်ဇယား ချမှတ်ပေးခြင်းဖြစ်သည့်အတွက် ကြိုဆိုအသိအမှတ်ပြုလျက်ရှိသည်။ ခြုံ၍ဆိုရလျှင် ဒီမိုကရေစီလမ်းကြောင်းမှန်အတိုင်း လျှောက်လှမ်းနေသော မြန်မာ့နိုင်ငံရေးခရီး၏ ခြေလှမ်းများကို ဒီမိုကရေစီ အမှန်တကယ်လိုလားသူတိုင်းက ကြိုဆိုထောက်ခံနေကြခြင်း ဖြစ်ပေသည်။**

သို့ရာတွင် သခွတ်ပင်က မီးတကျည်ကျည်ဆိုသကဲ့သို့ ဆန့်ကျင်ကန့်ကွက်နှောင့်ယှက်နေသူများလည်းရှိနေဆဲဖြစ်ကြောင်း တွေ့ရသည်။ ၎င်းတို့သည် အမျိုးသားညီလာခံကျင်းပစဉ် ကတည်းကပင် မြန်မာ့ နိုင်ငံရေးခရီးလမ်းကို နည်းအမျိုးမျိုးဖြင့် ဟန့်တားပိတ်ဆို့နှောင့်ယှက် ဖျက်ဆီးလာခဲ့ကြသည်။ နိုင်ငံတကာမှ ထင်ယောင်ထင်မှားဖြစ်အောင် သတင်းအမှားများဖြင့် သွေးထိုးလှုံ့ဆော်ခဲ့ကြသည်။ ပြည်သူလူထုအတွင်း ဝေဝါးထွေပြားအောင် သပ်လျှိုဖြိုခွဲ ခဲ့ကြသည်။

ထို့ကြောင့်လည်း တာဝန်သိသော စာနယ်ဇင်းသမားတစ်ဦးအနေဖြင့် အမျိုးသားညီလာခံ၏ ဖြစ်ပေါ်တိုးတက်မှုများကို အမှန်အတိုင်းသိရှိနိုင်စေရန် ရည်ရွယ်ပြီး **"အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်၊ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ"** အမည်ဖြင့် သတင်းစာ ဆောင်းပါး(၁၄)ပုဒ် ရေးသားဖော်ပြခဲ့ပါသည်။ ၂၀၀၆ခုနှစ် ဧပြီလမှစပြီး စာအုပ်အဖြစ်ထုတ်ဝေဖြန့်ချိခဲ့ရာ ယခုအခါ စောင်ရေသိန်းနှင့်ချီ၍ ပြည်သူလူထုအတွင်း ရောက်ရှိပျံ့နှံ့နေပြီဖြစ်ပါသည်။

ထို့အပြင် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများကချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ"** စာအုပ်ကိုလည်း ၂၀၀၇ခုနှစ် စက်တင်ဘာလမှစ၍ ပုံနှိပ်ထုတ်ဝေပေးခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ မကြာမီကလည်း **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း (၂၀၀၈ခုနှစ်)"** စာအုပ်ကို ပုံနှိပ်ထုတ်ဝေပေးထားသဖြင့် လေ့လာဖတ်ရှုခွင့်ရခဲ့ပါသည်။

ယင်းသို့ လေ့လာဖတ်ရှုမှုများအရ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက် အုပ်စုများက ၎င်းတို့လိုရာဆွဲ ကာ ထိုးနှက်တိုက်ခိုက်နေသော အကြောင်းပြချက်များသည် အမှန်တရားနှင့် လုံးဝဆန့်ကျင်ကွဲပြားနေကြောင်း တွေ့ရှိလာရသည်။ ထို့ကြောင့်လည်း ပြည်သူလူထုအား အမှန်အတိုင်း ထပ်ဆင့်ရှင်းလင်းတင်ပြနိုင်ရန်အတွက် ဘကြီးစိုးနှင့် ကြီးကြီးမြတို့ထံ ကျွန်တော်ထပ်မံရောက်ရှိခဲ့ပြန်သည်။

ယခင်ဆောင်းပါးများဖြင့် မိတ်ဆက်ပေးခဲ့သည့်အတိုင်း ဘကြီးစိုးသည် မြန်မာနိုင်ငံ ပညာရေးလောကတွင် လူသိများထင်ရှားသူတစ်ဦးဖြစ်သည်။ ပါမောက္ခဘဝမှ အငြိမ်းစားယူခဲ့သည့်တိုင် အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်တစ်ဦးအဖြစ် နိုင်ငံ့တာဝန် ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ကြီးကြီးမြကလည်း အထက်တန်းကျောင်းအုပ်ကြီးဘဝမှ အငြိမ်းစားယူထားသူဖြစ်သည်။ သားထောက်သမီးခံမရှိ၍ ပညာဗဟုသုတဆိုင်ရာကိစ္စများကိုသာ ဦးစားပေးလေ့လာအားထုတ်နေကြသူများဖြစ်၍ သုတဘဏ်တိုက်ကြီး သဖွယ် ဖြစ်နေပါသည်။

သို့ပါ၍ ကျွန်တော်တို့၏စကားဝိုင်းမှ ဆွေးနွေးပြောကြားခဲ့သမျှ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့်အကျိုးကျေးဇူးများကို အများပြည်သူတို့ ထပ်လောင်းပွားများ သိရှိခံစားနိုင်ရန် သိကြားစေသက်သေညွှန်းလိုက်ရပါသည်–

**စိုးမြကျော်** – ဘကြီးခင်ဗျား၊လိုရင်းတိုရှင်းပဲမေးပါရစေ။ ကျွန်တော်တို့နိုင်ငံမှာ တပ်မတော်က တာဝန်ယူအုပ်ချုပ်နေတာကနေ ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ် ကျင့်သုံးတော့မှာကို တချို့က အကောင်းမမြင်ဘဲ ဘာဖြစ်လို့ အဖျက်သဘောနဲ့ဆန့်ကျင်ကန့်ကွက်နေကြတာပါလဲ။

**ဘကြီးစိုး** – အဲဒါက ခရီးတွင်လို့ ရွာစဉ်မသိဆိုသလို အမှုမဲ့အမှတ်မဲ့နေသူ တချို့ရဲ့ အားနည်းချက်ကို နိုင်ငံရေးလုပ်စားနေကြတဲ့ ဝိသမလောဘသမားတွေက ခုတုံးလုပ် အသုံးချနေတာ ဖြစ်တယ်ကွယ့်။

**ကြီးကြီးမြ** – မင်းဘကြီးက အဲဒါတွေကို ရှင်းရှင်းလင်းလင်း သိနိုင်အောင် နေ့တိုင်း စာအုပ်တွေဖတ်၊ မှတ်စုတွေထုတ်၊ ဇယားတွေဆွဲနေတာ၊ မင်းလာတာနဲ့အဆင်သင့်ပဲ။

**ဘကြီးစိုး** – ဒီနေရာမှာ ဆန့်ကျင်ဘက်အဖျက်သမားတွေရဲ့ အဓိကလိုလားချက်နဲ့ သူတို့ရဲ့အကြောင်းပြစွပ်စွဲ ချက်တွေကို ပထမဆုံးသိထားဖို့ လိုလိမ့်မယ်။

**စိုးမြကျော်** – သူတို့ရဲ့ အဓိကလိုလားချက်က အပ်ကြောင်းထပ်နေတဲ့ ဓာတ်ပြားလိုပါပဲ။ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသေဆုပ်ကိုင်ပြီး လွှတ်တော်ခေါ်ပေးဖို့၊ အာဏာလွှဲပြောင်းပေးဖို့ဆိုတဲ့ ဘူတာကိုသာ ဆိုက်နေတာ တွေ့ရပါတယ်။

**ကြီးကြီးမြ** – ဟုတ်တယ်၊ အာဏာကို ဖြတ်လမ်းကရတဲ့နည်းနဲ့ လိုချင်နေကြတာ၊ ဒါကြောင့်မို့ အမျိုးသားညီလာခံကို ဖျက်လိုဖျက်ဆီးလုပ်ခဲ့ကြတယ်။ ခါချဉ်ကောင်လိုမာန်ထောင်ပြီး တောင်ကြီးကိုဖြိုမယ်ကြံခဲ့ကြတာလေ။ အမျိုးသားညီလာခံဘက်က ပြည်သူတစ်ရပ်လုံး မားမားမတ်မတ် ရပ်တည်ခဲ့ကြတာမို့ နောက်ဆုံးမှာ အကြံကုန်ဂဠုန်ဆားချက်သလို လုပ်နေကြတာ မဟုတ်လား။

**ဘကြီးစိုး** – အဲဒါအမှန်ပဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနဲ့ အတည်ပြုတော့မယ့် အချိန်ကျမှ အဲဒီနိုင်ငံရေးဖြစ်စဉ်တွေမှာ သူတို့မပါရလို့၊ သူတို့ လူတွေမပါဝင်ခဲ့လို့ တစ်ကပြန်စရမယ့် သဘောနဲ့ ပြည်တွင်းပြည်ပအဖျက်သမားတွေကဇာကောစလုပ်နေကြတာလေကွယ်။

**စိုးမြကျော်** – ဟုတ်တယ်ဘကြီး၊ အကြောင်းပြချက်တွေကလည်း မရောင်ရာဆီလူးဖြစ်နေတာ တွေ့ရတယ်။ အခြေခံဥပဒေမူကြမ်းမှာ တိုင်းရင်းသားလူမျိုးစုတွေကို တန်းတူညီမျှ အခွင့်အရေးပေးမထားဘူး၊ တပ်မတော်က အာဏာကို ချုပ်ကိုင်ထားတဲ့အချက်တွေ ပါဝင်နေတယ်။ လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းသတ်မှတ်ချက်ကလည်း ခေတ်နဲ့မညီတော့ဘူးဆိုတာတွေကိုပဲ ဟိုဘက်ကလှည့်ပြော၊ ဒီဘက်ကလှည့်ပြော ပြောနေကြတယ်။

**ကြီးကြီးမြ** – အဲဒါ အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး ခွပ်ခိုင်းနေတာပဲကွယ့်၊ နယ်ချဲ့လက်ဟောင်းလက်သစ်တွေရဲ့ သွေးခွဲတဲ့ နည်းဗျူဟာအတိုင်း လုပ်နေကြတာလေ။

**ဘကြီးစိုး** – တိုင်းရင်းသားအရေးဆိုတာကိုဗန်းပြပြီး ဖက်ဒရယ်မူ ပြန်လည်အသက်သွင်းရေး၊အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍကနေ တပ်မတော်ကို ဖယ်ရှားရေးနဲ့ အနောက်အုပ်စု နိုင်ငံကြီးအလိုကျ ရုပ်သေးအစိုးရ အာဏာရရှိရေးဆိုတဲ့ တိုင်းဖျက်ပြည်ဖျက် စီမံကိန်းအတိုင်း ဆက်လုပ်နေကြတာပဲဖြစ်တယ်။

**စိုးမြကျော်** – နိုင်ငံနဲ့လူမျိုးအတွက် အလွန်အန္တရာယ်ကြီးမားတဲ့ လုပ်ရပ်တွေပဲ။ ဒီအဖျက်သမားတွေဟာ ၁၉၆၂ခုနှစ်က အတွေးအခေါ်နဲ့ ၁၉၈၈ခုနှစ်ကလုပ်ရပ်တွေကို အခုအထိ ဖက်တွယ်ဆုပ်ကိုင်ထားနေကြတုန်းပါပဲလား။

**ကြီးကြီးမြ** – အတွေးအခေါ်ဟောင်းနဲ့လုပ်ရပ်အများကို သူတို့ဘာသာသူတို့ ဖက်တွယ်ဆုပ်ကိုင်ထားတာ အကြောင်းမဟုတ်ဘူး။ နယ်ချဲ့သူခိုးကို ဓားရိုးကမ်းဖို့လုပ်ရင်း သူခိုးသေဖော်လိုက်ညှိနေတာကိုတော့ လုံးဝလက်သင့်ခံလို့ မဖြစ်ဘူး။

**ဘကြီးစိုး** – ဒို့တိုင်းရင်းသားပြည်သူတွေမှာ နိုင်ငံရေးအရ နိုးကြားတက်ကြွမှုတွေ ရှိနေပါပြီကွယ်။ ပြည်တွင်းပြည်ပအဖျက်သမားတွေ ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်နေကြတယ်ဆိုတာ ပြည်သူတွေက နောကျေအောင် သိနေကြပါတယ်။

**စိုးမြကျော်** – ဒါဆို ပြည်သူလူထုအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရဲ့ အနှစ်သာရနဲ့ ဖြစ်ထွန်းလာမယ့် အကျိုးစီးပွားရလဒ်ကောင်းတွေကို နားလည်သိမြင်နေကြမှာပဲနော်။

**ကြီးကြီးမြ** – သေချာတာပေါ့ကွယ်။ အဖျက်သမားလက်တစ်ဆုပ်စာကသာ မြင်းကမလှုပ် ခုံကလှုပ်နေကြတာကွယ့်။

**ဘကြီးစိုး** – ပြည်သူလူထုက ရန်သူနဲ့မိတ်ဆွေကို ခွဲခြားသိမြင်နေကြပါတယ်။ ဘယ်သူက အပြုသဘောဆောင်လဲ၊ ဘယ်သူက ကဖျက်ယဖျက်လုပ်နေတာလဲ သိနေကြပါတယ်။

**စိုးမြကျော်** – ဒါဆို ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ဘကြီးတို့ရဲ့ အမြင်နဲ့ ပြည်သူလူထုရဲ့အမြင် ထပ်တူထပ်မျှ ဘယ်လိုရှိနေကြလဲဆိုတာ သိရအောင် ရှင်းပြပေးပါဦး။

**ဘကြီးစိုး** – ပြည်သူထဲက ပြည်သူတစ်ယောက်အနေနဲ့ ဘကြီးဝေဖန်သုံးသပ် ပြချင်ပါတယ်။ အခြေခံဥပဒေမူကြမ်းမှာ အခန်း(၁၅)ခန်း ပါဝင်တယ်။

**စိုးမြကျော်** – အခန်း(၁)မှာ **နိုင်ငံတော်အခြေခံမူများ**ကို ဖော်ပြထားတာ တွေ့ရပါတယ်။

**ဘကြီးစိုး** – ကျန်တဲ့အခန်း(၁၄)ခန်းကို အစီအစဉ်အလိုက်ဖော်ပြရရင် **နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ တပ်မတော်၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ၊ ရွေးကောက်တင်မြှောက်ခြင်း၊နိုင်ငံရေးပါတီများ၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ နိုင်ငံတော်အလံ အထိမ်းအမှတ်တံဆိပ် သီချင်းနှင့်မြို့တော်၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များနဲ့ အထွေထွေပြဋ္ဌာန်းချက်များဆိုတဲ့ အခန်း**တွေပဲကွယ့်။

**ကြီးကြီးမြ** – ကြီးကြီးလည်း အစကနေအဆုံး တစ်ခေါက်ဖတ်ကြည့်ပြီးပြီ။ BBC, VOAစတဲ့ ပြည်ပအသံလွှင့်ဌာနတွေက တစ်ဆင့် ယုန်ထင်ကြောင်ထင်ဖြစ်အောင် ထိုးနှက်လာရင်လည်း သက်ဆိုင်ရာအခန်းမှာ ပြဋ္ဌာန်းထားတာတွေနဲ့ ပြန်ပြီးတိုက်ဆိုင်ကြည့်တယ်။ အဖျက်သမားတွေ ပုတ်ခတ်စွပ်စွဲတာအားလုံး တလွဲတချော်ချည်းပဲ။

**စိုးမြကျော်** – ပထမဦးဆုံး သူတို့ပုတ်ခတ်စွပ်စွဲနေတဲ့ ဗမာလူမျိုးကြီးဝါဒ ကျင့်သုံးနေတယ်။ တိုင်းရင်းသားလူမျိုးတွေကို တန်းတူညီမျှအခွင့်အရေးမပေးဘူးဆိုတာ မှန်မမှန်၊ ဟုတ်မဟုတ် ရှင်းပြပေးပါလား ဘကြီး။

**ဘကြီးစိုး** – နိုင်ငံတော်အခြေခံမူများမှာ**"နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟုခေါ်တွင်ရမည်။ နိုင်ငံတော်သည် တိုင်းရင်းသား**

**ကြသောနိုင်ငံဖြစ်သ**

**အာဏာသည် နိုင်**

**နိုင်ငံတော်တစ်ဝန်းလ**

**ပြည်ထောင်စုစနစ်ဖြင့်**

အတိအလင်းဖော်ပြ

**ကြီးကြီးမြ** – **အဲဒီပြဋ္ဌာန်းချက်တွေ တိုင်းရင်းသား လူမျိုး နိုင်ငံဖြစ်ပြီး ပြည်ထော သွားမယ်ဆိုတာ ပေါ် တိုင်းရင်းသားကိုမျှ မထားဘူးဆိုတာ ဒို့**

**စိုးမြကျော်** – ဟုတ်တယ် ကြီးကြီး ဒေသစွဲ မရှိရအောင် **တိုင်းဒေသကြီး(၇)ခု ပြည်နယ်(၇)ပြည်နယ် လည်းကောင်း ပိုင်း ဒေသကြီး(၇)ခုနှင့် အဆင့်အတန်းတူညီ** တွေ့ရပါတယ်။

**ဘကြီးစိုး** – အဲဒီမှာ **ပိုင်းခြားသတ်** ကြည့်ရုံနဲ့ **ခွဲခြားသ** သိသာထင်ရှားစေတ ဆိုတဲ့အတိုင်း တန်း ပြဋ္ဌာန်းပေးထားတာ

**စိုးမြကျော်** – ၁၉၈၉ ခုနှစ်လောက် ကောင်းပါတယ်"ဆို လိုက်ရတော့ အားလ တယ်။

**ကြီးကြီးမြ** – ပြည်ထောင်စုမပြိုကွဲ သာဓက တစ်ခုပေါ့ကွ ခဲ့ကြတဲ့ ဒို့တိုင်းရင်းသ ကြပြီကွယ့်။ ကြားဝေ တော့ဘူး။

**ဘကြီးစိုး** – အဲဒီလို ပြည်ထောင်စု အောင် ဖွဲ့စည်းပုံအခြေ ကြောင်း လေ့လာလေ

**စိုးမြကျော်** – ရှင်းပြပေးပါဦး ဘ

**ဘကြီးစိုး** – အခန်း(၂)မှာ **နိုင်ငံ** ခေါင်းစဉ်နဲ့ အသေးစိ **"နိုင်ငံတော်ကို အေ ပြည်နယ်(၇)ပြည်နယ် ပိုင်းခြားသတ်မှတ်သ (က)ကချင်ပြည်နယ်၊ ပြည်နယ်၊ (ဃ)ချင်းပြ ကြီး၊ (စ)တနင်္သာရီ ဒေသကြီး၊ (ဇ)မကွေ တိုင်းဒေသကြီး၊ (ည) (ဋ)ရန်ကုန်တိုင်းဒေ ဧရာဝတီတိုင်းဒေသ များ"** လို့ ဖော်ပြ

**စိုးမြကျော်** – အဲဒီအခန်းမှာ **"နို နေပြည်တော်ကို နို အုပ်ချုပ်မှုအောက်တွ နယ်မြေအဖြစ် သတ်** တွေ့ရပါတယ်။ **ပြည်** သိပါရစေ ဘကြီး။

# အကျိုးကျေးဇူးများ

**သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသောနိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်း တည်ဆောက်သည်"** လို့ အတိအလင်းဖော်ပြထားတယ်ကွယ့်။

**ကြီးကြီးမြ** – **အဲဒီပြဋ္ဌာန်းချက်တွေကိုကြည့်ရုံနဲ့ မြန်မာနိုင်ငံဟာ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြတဲ့နိုင်ငံဖြစ်ပြီး ပြည်ထောင်စုစနစ်နဲ့ ဖွဲ့စည်းတည်ဆောက်သွားမယ်ဆိုတာ ပေါ်လွင်ထင်ရှားနေတယ်လေ။ ဘယ်တိုင်းရင်းသားကိုမျှ လူမျိုးကြီး၊ လူမျိုးငယ် ခွဲခြားမထားဘူးဆိုတာ ဒို့အားလုံးအသိပဲမဟုတ်လား။**

**စိုးမြကျော်** – ဟုတ်တယ် ကြီးကြီး။ အဲဒီလို လူမျိုးစွဲမထားရှိသလို ဒေသစွဲ မရှိရအောင်လည်း **"ရှိရင်းစွဲတိုင်း(၇)တိုင်းကို တိုင်းဒေသကြီး(၇)ခုအဖြစ်လည်းကောင်း၊ ရှိရင်းစွဲပြည်နယ်(၇)ပြည်နယ်ကို ပြည်နယ်(၇)ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇)ပြည်နယ်တို့သည် အဆင့်အတန်းတူညီကြသည်"** လို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

**ဘကြီးစိုး** – အဲဒီမှာ **ပိုင်းခြားသတ်မှတ်သည်**ဆိုတဲ့ အသုံးအနှုန်းကို ကြည့်ရုံနဲ့ **ခွဲခြားသတ်မှတ်ခြင်း** မဟုတ်ကြောင်း သိသာထင်ရှားစေတယ်။ **အဆင့်အတန်းတူညီကြသည်** ဆိုတဲ့အတိုင်း တန်းတူညီမျှ အခွင့်အလမ်းရရှိအောင် ပြဋ္ဌာန်းပေးထားတာ တွေ့ရလိမ့်ဦးမယ်။

**စိုးမြကျော်** – ၁၉၈၉ ခုနှစ်လောက်တုန်းကထင်တယ်။ "ဒီအတိုင်းပဲကောင်းပါတယ်"ဆိုတဲ့ ရုပ်သံဇာတ်လမ်းကို ကြည့်လိုက်ရတော့ အားလုံးက နှစ်သက်သဘောကျခဲ့ကြတယ်။

**ကြီးကြီးမြ** – ပြည်ထောင်စုမပြိုကွဲရေးအတွက် မီးမောင်းထိုးပြခဲ့တဲ့ သာဓက တစ်ခုပေါ့ကွယ်။ အေးအတူပူအမျှနေထိုင်လာခဲ့ကြတဲ့ ဒို့တိုင်းရင်းသားတွေ ရှေးကထက်ပိုပြီး ချစ်နေကြပြီကွယ့်။ ကြားလေသွေးတိုင်း အဝေးခံမှာ မဟုတ်တော့ဘူး။

**ဘကြီးစိုး** – အဲဒီလို ပြည်ထောင်စုစိတ်ဓာတ်ပိုမိုရှင်သန်ထွန်းကားအောင် ဖွဲ့စည်းပုံအခြေခံ ဥပဒေက ဖော်ဆောင်ပေးထားကြောင်း လေ့လာလေလေ တွေ့ရှိလေလေပဲဖြစ်တယ်။

**စိုးမြကျော်** – ရှင်းပြပေးပါဦး ဘကြီး။

**ဘကြီးစိုး** – အခန်း(၂)မှာ **နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ** ခေါင်းစဉ်နဲ့ အသေးစိတ်ပြဋ္ဌာန်းပေးထားတယ်။ အဲဒီမှာ **"နိုင်ငံတော်ကို အောက်ပါ တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ်(၇)ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေများဖြင့် ပိုင်းခြားသတ်မှတ်သည်–**
**(က)ကချင်ပြည်နယ်၊ (ခ)ကယားပြည်နယ်၊ (ဂ)ကရင်ပြည်နယ်၊ (ဃ)ချင်းပြည်နယ်၊ (င)စစ်ကိုင်းတိုင်းဒေသကြီး၊ (စ)တနင်္သာရီတိုင်းဒေသကြီး၊ (ဆ)ပဲခူးတိုင်းဒေသကြီး၊ (ဇ)မကွေးတိုင်းဒေသကြီး၊ (ဈ)မန္တလေးတိုင်းဒေသကြီး၊ (ည)မွန်ပြည်နယ်၊ (ဋ)ရခိုင်ပြည်နယ်၊ (ဌ)ရန်ကုန်တိုင်းဒေသကြီး၊ (ဍ)ရှမ်းပြည်နယ်၊ (ဎ)ဧရာဝတီတိုင်းဒေသကြီးနှင့် (ဏ)ပြည်ထောင်စုနယ်မြေများ"** လို့ ဖော်ပြထားတယ်။

**စိုးမြကျော်** – အဲဒီအခန်းမှာ **"နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်"** လို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ **ပြည်ထောင်စုနယ်မြေ** သတ်မှတ်မှုကို သိပါရစေ ဘကြီး။

**ဘကြီးစိုး** – **"နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသောအခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန်လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်"** လို့ ပြဋ္ဌာန်းပေးထားတယ်။ ဒါကြောင့်မို့ နေပြည်တော်ကို ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်ခဲ့တာပဲကွယ့်။

**ကြီးကြီးမြ** – ပြည်သူတွေက တစ်ခုစိုးရိမ်နေကြတယ် ကိုစိုး။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတုန်းကလို ခွဲထွက်ခွင့်မျိုးပါလာမှာကိုလေ။

**ဘကြီးစိုး** – အဲဒီအတွက်တော့မပူပါနဲ့ကွယ်။ **"နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ"** လို့ အတိအလင်း ပြဋ္ဌာန်းပေးထားပါတယ်။

**စိုးမြကျော်** – အနာဂတ်အရေးအတွက် စိတ်အေးရပါပြီ ဘကြီး။ အဲဒီပြဋ္ဌာန်းချက်ထဲမှာ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ**ဆိုတာ တွေ့ရပါတယ်။

**ဘကြီးစိုး** – ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများဆိုတာကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေကို ဆိုလိုတာပဲဖြစ်တယ်။ ရှင်းသွားအောင် တစ်ဆက်တည်းဖော်ပြရရင် **"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို အောက်ပါအတိုင်း သတ်မှတ်သည်–**
**(၁)စစ်ကိုင်းတိုင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊(၂)ရှမ်းပြည်နယ်ရှိရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို စုစည်းပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၃)ရှမ်းပြည်နယ်ရှိ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ကို စုစည်းပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၄)ရှမ်းပြည်နယ်ရှိ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ကို စုစည်းပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၅)ရှမ်းပြည်နယ်ရှိ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကို စုစည်းပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၆)ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း(ပန်းခမ်း)မြို့နယ် ခြောက်မြို့နယ်တို့ကို ခရိုင်နှစ်ခရိုင်ဖွဲ့ပြီး 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း"** လို့ ပြဋ္ဌာန်းထားတာ တွေ့ရမှာဖြစ်တယ်။

**စိုးမြကျော်** – ဒါဆို အရင်ကထက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခု ပိုမိုတိုးချဲ့ဖွဲ့စည်းပေးထားတာပဲနော်။

**ဘကြီးစိုး** – ဟုတ်တယ်ကွယ့်။ သီးခြားတိုင်းဒေသကြီးနဲ့ ပြည်နယ် မရသေးတဲ့ တိုင်းရင်းသားတွေအတွက် ရသင့်ရထိုက်တဲ့ ကိုယ်ပိုင်အုပ်ချုပ်မှု အခွင့်အရေးကို အမျိုးသား ညီလာခံမှာ အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး ချမှတ်ဖော်ဆောင်ပေးခဲ့တာပဲဖြစ်တယ်။

**ကြီးကြီးမြ** – ဒါဟာ တိုင်းရင်းသားလူမျိုးစုတွေအနေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ပိုမိုရရှိလာတာမို့ ပြည်သူအားလုံးက မုဒိတာဖြစ်နေကြတယ်လေ။

**စိုးမြကျော်** – တိုင်းရင်းသားလူမျိုးစုများအတွက် တိုးမြှင့်ဖော်ဆောင်ပေးထားတာတွေကတော့ တူနိုင်မယ်မထင်ကြနဲ့၊ ကိုးဆယ်ဆကွာလိမ့်မယ်လို့ ဆိုရလောက်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ဒေသတွေကို ဘယ်လိုသတ်မှတ်ချက်တွေနဲ့ ဖွဲ့စည်းပေးထားတာပါလဲ။

**ဘကြီးစိုး** – ဆက်ပြီးရှင်းပြသွားပါမယ်။ အခုလောလောဆယ်မှာတင် အခြေခံဥပဒေမူကြမ်းရဲ့ အနှစ်သာရနဲ့ အကျိုးကျေးဇူးတွေကို သိနေရပြီမဟုတ်လား။ ပိုပြီး ထင်သာမြင်သာရှိအောင် ဟောဒီမှာ ဘကြီးဆွဲထားတဲ့ အခြေပြဇယားကို ကြည့်ကြပါဦး။

## အနာဂတ်နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခြေပြဇယား

ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည်။
ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။
အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး
နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်။
နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှ မည်သည့်အခါမျှ ခွဲမထွက်ရ။




## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၃-၂၀၀၈ (အင်္ဂါနေ့)**

**AM & PM**

| | |
|---|---|
| ၇:၀၀-၁:၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅-၁:၀၅ | "ကံ၏ရောင်ပြန်ပဲ့တင်သံ" တရားတော်(ပထမပိုင်း) [ဘဒ္ဒန္တ ပညာဝံသ (ပုပ္ပားစကားဝါမြေဆရာတော်)] |
| ၇:၅၀-၁:၅၀ | ညွှတ်နူးအယူရှိခိုးမှု တုကျွန်းဇမ္ဗူအောင်လံထူ |
| ၈:၁၀-၂:၁၀ | တေးဂီတအစီအစဉ် |
| ၈:၁၅-၂:၁၅ | Sunday Talk |
| ၉:၀၀-၃:၀၀ | တေးဂီတအစီအစဉ် |
| ၉:၀၅-၃:၀၅ | အစွမ်းထက်မြက်ဆေးတစ်လက် |
| ၉:၂၀-၃:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၃၀-၃:၃၀ | ဝေဒနာနုပဿနာ(အပိုင်း-၂) (ဆရာကြီးဦးဌေးအောင်) |
| ၁၀:၀၀-၄:၀၀ | တေးဂီတအစီအစဉ် |
| ၁၀:၀၅-၄:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၁၀-၄:၁၀ | Say It in English |
| ၁၀:၂၅-၄:၂၅ | တေးဂီတအစီအစဉ် |
| ၁၀:၃၀-၄:၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၃၅-၄:၃၅ | လင်းလက်တောက်ပ သဘော်ဆေးအလှ |
| ၁၀:၅၅-၄:၅၅ | တေးဂီတအစီအစဉ် |
| ၁၁:၀၀-၅:၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၁၀-၅:၁၀ | Biz Net |
| ၁၁:၂၅-၅:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၃၀-၅:၃၀ | Activities In The City |
| ၁၁:၄၅-၅:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၅၀-၅:၅၀ | စားချင်စဖွယ်နည်းအသွယ်သွယ် [ကွတ်ကီး(စ်)မုန့်] |
| ၁၂:၀၅-၆:၀၅ | တေးဂီတအစီအစဉ် |
| ၁၂:၁၀-၆:၁၀ | တစ်ကျော့ပြန်တီဘီ(အပိုင်း-၃) (ဒေါက်တာဇေစိုး) |
| ၁၂:၂၅-၆:၂၅ | Music Gallery (အချစ်သီချင်းများ စုစည်းတင်ဆက်မှု) |
| ၁၂:၅၀-၆:၅၀ | တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဘဲမွေးမြူရေး) |
| ၁:၀၀-၇:၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မော်လမြိုင်မြို့ ကျိုက်သုတ်ဆံတော်ရှင်စေတီ ရွှေသင်္ကန်းနှင့်စိန်ဖူးတော်တင်လှူပွဲအတွက် အလှူငွေပေးအပ်

**ရန်ကုန် မတ် ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်သုတ်ဆံတော်ရှင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် စိန်ဖူးတော်တင်လှူပွဲကို မတ် ၂၁ ရက် (တပေါင်းလပြည့်နေ့)တွင် ကျင်းပနိုင်ရေးအတွက် အလှူငွေ ပေးအပ်ပွဲကို မတ် ၁၂ ရက်တွင် စေတီတော်မြတ်ကြီး ရင်ပြင်ရှိ ဓမ္မာရုံ၌ ကျင်းပရာ မော်လမြိုင် မောင်ငံရပ်နေ ဦးဖေမြင့်-ဒေါ်အေးအေးခိုင် မိသားစုက ငွေကျပ်နှစ်သိန်း၊ မော်လမြိုင်မြို့၊ ဗဟိုလမ်းနေ ဗိုလ်မှူးပြေငြိမ်း-ဒေါ်လေးလေးသန်း မိသားစု၊ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနေ ဦးသိန်းထွန်း-ဒေါ်ကြည်ကြည် မိသားစုနှင့် ဦးမြင့်လင်း (မြင့်သိပ္ပံ)-ဒေါ်တင်တင်နွဲ့ မိသားစုတို့က ငွေကျပ်တစ်သိန်းစီနှင့် ငွေကျပ်တစ်သောင်းအထက် အလှူရှင်များ အပါအဝင် စုစုပေါင်း လှူဒါန်းငွေကျပ် ၁၂ သိန်းကို ပေးအပ်လှူဒါန်းကြရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရွှေရင်က လက်ခံသည်။

အဆိုပါ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပွဲအတွက် မတ် ၁၂ ရက်အထိ အလှူရှင်များက တစ်ပြားလျှင် ငွေကျပ် ၄၃၀၀၀၀ တန်ဖိုးရှိ ရွှေစင်ရွှေပြား ၂၉ ပြားတို့ကို လှူဒါန်းခဲ့ကြသည်။

လှူဒါန်းလိုပါက ကျိုက်သုတ်ဆံတော်ရှင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၇-၂၄၆၉၀ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်း

**ရန်ကုန် မတ် ၁၇**

ဆဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားသို့ ကြွရောက်တော်မူကြသော ဘွဲ့ခံဆရာတော်ကြီးများအား အလှူရှင် ဦးကျော်ဆန်း-သီဟသုဓမ္မသီဂီ ဒေါ်ညွန့်ညွန့်ဝင်း[ပျားဝတ်ရည် အင်တာပရိုက်စ်နှင့် စိန်ဆီစက်မိသားစု (ပန်းတနော်မြို့)]က တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို မတ် ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာနာယက ကျောင်းတော်ရှိ သုံးထပ် ဆွမ်းစားဆောင်၌ ကျင်းပသည်။

### ဆက်ကပ်လှူဒါန်း

ဆဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားသို့ ကြွရောက်တော်မူကြသော ဘွဲ့ခံဆရာတော်ကြီးများအား အလှူရှင် အသီးသီးက မတ် ၂၃ ရက်အထိ နေ့စဉ် ဆွမ်းဆက်ကပ် လှူဒါန်းသွားကြမည်ဖြစ်သည်။ (သတင်းစဉ်)

**ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားသို့ ကြွရောက်တော်မူကြသော ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ကမ္ဘာအေးကုန်းမြေရှိ သုံးထပ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပစဉ်။** (သတင်းစဉ်)

**သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်းဓမ္မရိပ်သာ ကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတိုးချဲ့ပြုပြင်ရန်အတွက် နှင်းဆီကုန်း(က)ရပ်ကွက်၊ အောင်သပြေလမ်းနေ ဦးမြမောင်အား ရည်စူး၍ ဒေါ်အေးရီ မိသားစုက ဓမ္မရိပ်သာ ကျောင်းတိုက် နာယက ဆရာတော် ဦးပဏ္ဍိတ ရှေ့မှောက်၌ ငွေကျပ် ငါးသိန်း လှူဒါန်းရာ ကျောင်းတိုက်သာသနာ့ရက္ခိတ ဥက္ကဋ္ဌ ဦးမြဟန် လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)

## အကြိမ် (၉၀)မြောက်သွေးလှူ

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခ ဓာတ်တော်တိုက်ကျောင်းအမှတ် (၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာန နာယက ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရ လူမှုထူးချွန် (ပထမဆင့်) ဓမ္မကထိက (သက်လွတ်) ဆရာတော် **(အပေါ်ပုံ)** သည် ဖေဖော်ဝါရီ ၂၇ ရက်က မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတွင် အကြိမ် (၉၀)မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ (၃၀)

**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ (ရွှေသိင်္ဂီရတနာ ဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်နေ ကွယ်လွန်သူ ဖခင်ဒေါက်တာ ဦးပြည်စိုးအား ရည်စူး၍ သား ကိုထက်မြက်ပြည်စိုး၊ သမီး မပုလဲသူဇာ၊ မြေးဘုန်းပြည့်ခင်ထက်မြက် မိသားစုက ငွေကျပ် ၁၀၀၀၀၀ လာရောက်လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။** (ကြေးမုံ)

## မင်းတုန်းအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

**ရန်ကုန် မတ် ၁၇**

မင်းတုန်းအသင်း(ရန်ကုန်) ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဗိုလ်တထောင်ဘုရားအနီး ပတ္တမြားကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။ မင်းတုန်းအသင်းဝင် (၇၅)နှစ်နှင့်အထက် အဘိုး၊ အဘွားများ ကြွရောက်အပူဇော်ခံကြပါရန်၊ ၂၀၀၆-၂၀၀၇ ခုနှစ် ဒသမတန်းတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ ဆုတက်ရောက်ယူကြပါရန်နှင့် အသင်းသူ၊ အသင်းသားအားလုံး စုံညီစွာ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ဦးအောင်သိန်း ဖုန်း-၆၉၉၀၃၂၊ ဦးမြသန်း ဖုန်း-၅၀၃၀၃၅၊ ဒုတိယဗိုလ်မှူးကြီးစိန်သန်း ဖုန်း-၃၇၀၅၆၁၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၅၁၃၂၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

## စီးပွားရေးတက္ကသိုလ် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ

**ရန်ကုန် မတ် ၁၇**

စီးပွားရေးတက္ကသိုလ် (ရန်ကုန်) ၁၉၇၄-၇၈ ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မိသားစု မိတ်ဆုံစားပွဲကို မတ် ၂၂ ရက် (စနေနေ့) ညနေ ၆ နာရီတွင် M-3 Food Center (ရွှေတိဂုံဘုရားမြောက်ဘက်မုခ်)အနီး၌ ကျင်းပမည်ဖြစ်ရာ မိတ်ဆုံစားပွဲလက်မှတ်များကို ကိုလင်းကြည် ဖုန်း-၀၉ ၅၀၀ ၈၁၂၂၊ ကိုတင်လတ် ဖုန်း-၀၉ ၅၀၂ ၃၀၃၀၊ ကိုအောင်မြင့်ဦး ဖုန်း-၀၉၅၁၁၆၈၈၂၊ ကိုကံထူး ဖုန်း-၅၅၅ ၂၉၂၊ ကိုခင်မောင်မြင့် ဖုန်း-၀၉၂၀ ၁၆၁၉၄၊ ကိုမျိုးကြွယ် ဖုန်း-၀၆၇ ၄၁၁၀၁၀၊ မစမ်းစမ်းအေး ဖုန်း-၅၄၈ ၆၆၄၊ မစမ်းစမ်းဝင်း ဖုန်း-၅၁၀၃၅၄၊ မလဲ့လဲ့ဝင်း ဖုန်း-၂၂၈၃၅၉၊ မမြမြဝင်း ဖုန်း-၇၂၂၈၄၆၊ မမြင့်မြင့်အောင် ဖုန်း-၀၉၅၀၁၆၁၉၂၊ ကိုအေးမြင့် ဖုန်း-၂၉၂၅၃၁၊ ကိုကျော်ကျော်အုန်း ဖုန်း-၀၉၂၀၂၇၄၅၇ တို့နှင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

## မိုးသတိပြု

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းနေ ကွယ်လွန်သူ ခင်ပွန်း ဦးလှအောင်နှင့် သားကြီး ကိုစိုးညွန့်တို့အား ရည်စူး၍ ဒေါ်ခင်အိ (၂၅ လမ်း၊ ဘီရုံ၊ သိမ်ကြီးဈေး၊ မင်္ဂလာချည်လုံးဆိုင်၊ ရန်ကုန်) မိသားစုက အလှူငွေကျပ် ၃၀၀၀၀၀ နှင့် စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်ရန်အတွက် ၉" x ၉" ပတ်လည်ရွှေပြားအလှူငွေကျပ် ၂၀၀၀၀၀ စုစုပေါင်း အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးသိန်းထွန်းနှင့် ဦးအေးမြင့်တို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (ကြေးမုံ)

## ခရီးသည်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး တောင်ကြီးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

**ရန်ကုန် မတ် ၁၇**

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနတို့သည် တောင်ကြီးမြို့သစ်တောဂိတ်၊ အဝေးပြေးယာဉ်လိုင်းများ ကြီးကြပ်ရေးရုံးတွင် မတ် ၃ ရက်က ယာဉ်အန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးလျှန်ကျင့်မန်က ခရီးသည်များ လိုရာခရီးလမ်းဆုံးသို့ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ကြိုတင်ကာကွယ်ရေး၊ ယာဉ်မောင်းများသည် ခရီးသည်များ၏ အသက်ကို တာဝန်ယူပို့ဆောင်ပေးနေသူများဖြစ်၍ အမြဲဘေးရန်ကြည့်ကာ သတိနှင့် မောင်းနှင်ရန်လိုအပ်ပုံ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာ၍ မောင်းနှင်ရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေး ကိစ္စများ ဟောပြောသည်။ **(အောက်ပုံ)** ထို့နောက် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြတ်ထွန်းကျော်က လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး ကိစ္စများ၊ ယာဉ်စစ်တာဝန်ခံ ဦးတင်လတ်၊ လက်ထောက်အင်ဂျင်နီယာက ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ အနေဖြင့် ယာဉ်ကြံ့ခိုင်မှုရှိရန် အမြဲစစ်ဆေး ပြုပြင်ဆောင်ရွက်ရန် လိုအပ်ပုံ ကိစ္စများ ရှင်းလင်းဟောပြောသည်။ အခမ်းအနားအပြီးတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ယာဉ်စစ်ဆေးရေးတာဝန်ခံလက်ထောက် အင်ဂျင်နီယာ ဦးတင်လတ်နှင့် အဖွဲ့က အဝေးပြေးခရီးသွားယာဉ်များ ယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သင်္ကြန်ခုနစ်ရက် တရားစခန်းပွဲ

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် (င/က)ရပ်ကွက် ဓာဝေယာလမ်း၌ တည်ရှိသော ဓမ္မဝိဟာရပထမကျော် စာသင်တိုက်နှင့် ဓမ္မရိပ်သာအတွင်း၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဆရာတော် အရှင်ဂရုဝံသ (ပထမကျော်၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ၊ပိဋကတ်တစ်ပုံဆောင်)က ပဋိစ္စသမုပ္ပာဒ်ကို အခြေခံ၍ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး ဝိပဿနာတရားတော်များကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၆၂၃၃၃ သို့ ဆက်သွယ်စာရင်းပေးသွင်း၍ ဧပြီ ၁၁ ရက် ညနေ ၄ နာရီအရောက် လာကြရမည်။ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုရည်များ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။(က-ပ)

# မူဆယ် နမ့်ခမ်းမှာ စီးပွားလာတော့မည့် ရွှေဖြူစိုက်ခင်းများ

သတင်းဆောင်းပါး – ကျော်ကျော်(ဗန်းမော်)
ဓာတ်ပုံ – မြန်မာ့နှစ်ရှည်ပင်

စက်မှုကုန်ကြမ်း နှစ်ရှည်ပင်ဖြစ်သည့် ရော်ဘာပင်ကို မြန်မာနိုင်ငံတွင် အပူပိုင်းဒေသအချို့မှအပ နေရာအနှံ့အပြား၌ စိုက်ပျိုးလျက်ရှိသည်။ တရုတ်–မြန်မာနယ်စပ် မူဆယ်ခရိုင်တွင် ၁၉၉၆ ခုနှစ်မှစတင်၍ ရော်ဘာကို စတင်စိုက်ပျိုးခဲ့ပြီး ဒေသခံပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် ကြံဆောင်ဖော်ထုတ်ခဲ့ရာ အစပိုင်းတွင် ဒေသခံ ပြည်သူများ၏ စိတ်ဝင်စားမှု နည်းပါးခြင်း၊ စိုက်ပျိုးနည်းစနစ်များနှင့် အကျွမ်းတဝင် မရှိသေးခြင်း၊ ရော်ဘာဈေးကွက် အနေအထားကို မသိရှိခြင်းတို့ကြောင့် အောင်မြင်ဖြစ်ထွန်းမှု နှောင့်နှေးခဲ့သော်လည်း ယခုအခါတွင်မူ "ရွှေဖြူ"ဟု တင်စားခေါ်ဝေါ်ကြသည့် ရော်ဘာ၏ အကျိုးရလဒ်များကို ဒေသခံတိုင်းရင်းသားများ သိရှိနားလည်လာကြပြီဖြစ်သည်။

ယင်းသို့ နားလည်သိရှိလာစေရန်အတွက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ တာဝန်ရှိသူများက ရော်ဘာစိုက်ပျိုးရန် အခြေအနေပေးသည့် ဒေသအသီးသီးသို့ ကွင်းဆင်းပြီး ရော်ဘာတစ်ပင်လုံး၏ အသုံးဝင်ပုံ၊ ဈေးကွက်အနေအထား၊ ဝယ်လိုအား အခြေအနေအရ စိုက်ပျိုးမှုနည်းပညာ၊ တစ်ဧကချင်းစီ၏ စိုက်ပျိုးစရိတ် ကုန်ကျငွေ၊ အပင်ခုနစ်နှစ်သားအရွယ် အစေးထွက်သည့်အခါ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်အလိုက် ရရှိမည့် ဝင်ငွေတို့ကို တွက်ချက်ရှင်းလင်း ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ခဲ့သည့်အတွက် မူဆယ်ခရိုင်အတွင်းတွင် ၂၀၀၅ ခုနှစ် မတိုင်မီက ရော်ဘာစိုက်ဧက ၅၆ ဧကသာရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၃၆၅ ဧက၊ ၂၀၀၇ ခုနှစ်တွင် ၇၆၅ ဧကအထိ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်စိုက်ပျိုးလာခဲ့သည်။

ရော်ဘာနှင့် ပတ်သက်၍ ဒေသခံပြည်သူများ စီးပွားရေးအမြင်နှင့် နိုင်ငံတကာအဆင့်မီ စိုက်ပျိုးရေးနည်းပညာများရရှိရန် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ တာဝန်ရှိသူများက ၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် မူဆယ်မြို့၌ တစ်ကြိမ်၊ နိုဝင်ဘာလတွင် နမ့်ခမ်းမြို့၌ တစ်ကြိမ် ရော်ဘာ စိုက်ပျိုးခြင်းနှင့် ပျိုးခင်းသင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်။ ၂၀၀၈ခုနှစ် မတ်လတွင် ကြူကုတ်–ပန်ဆိုင်း၊ မုံးကိုးဒေသတွင်လည်း သင်တန်းများပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

နမ့်ခမ်းမြို့တွင် သင်တန်းဖွင့်လှစ်ပို့ချစဉ်အတွင်း ကချင်ပြည်နယ်၊ ဗန်းမော်၊ မန်စီမြို့များမှလည်း ရော်ဘာစိုက်ခြံလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရော်ဘာပင်သည် အမြင့်ပေ ၃၀၀၀ အောက်ပိုင်းတွင်သာ အများဆုံး စိုက်ပျိုးဖြစ်ထွန်းသည့်အတွက် မူဆယ်ခရိုင်အတွင်းတွင် တောင်ပေါ်မြေပြန့်၊ ပေ ၃၀၀၀ အောက် တောင်ကုန်းတောင်တန်းများတွင် စိုက်ပျိုးမြေ မကျန်မလပ်အောင် ရော်ဘာပင်များ စိုက်ပျိုးဖြစ်ထွန်းနေပြီ ဖြစ်သည်။ ဌာနတာဝန်ရှိသူများသည် ဒေသလိုအပ်ချက်အရ မြေယာများ ထပ်မံဖော်ထုတ်နိုင်ရန် အမြင့်ပေ ၃၀၀၀ ကျော်သောဒေသများတွင် စမ်းသပ်စိုက်ပျိုးမှုများ ပြုလုပ်ခဲ့ရာ အမြင့်ပေ ၃၀၂၀ တွင် ရော်ဘာပင်များ စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် အခြေအနေများကို တွေ့ရှိခဲ့သည်။**

ဒေသတွင်း အဓိက စိုက်ပျိုးသည့် မျိုးများမှာ မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းမှ ခေတ်မီနည်းပညာများ အသုံးပြု၍ စမ်းသပ်စိုက်ပျိုးအောင်မြင်ခဲ့သည့် B.P.M 24၊ PB 260၊ PR 107 ၊ GT 1 မျိုးများဖြစ်ပြီး ယူနန်မျိုးများဖြစ်သည့် YN 774, 772 မျိုးများကိုလည်း ဝယ်ယူစိုက်ပျိုးမှု အနည်းငယ်ရှိခဲ့သည်။ မြန်မာ့မျိုးများသည် မြန်မာ့ရေမြေ တောတောင် ရာသီဥတုနှင့်အညီ စမ်းသပ်စိုက်ပျိုး မျိုးစပ်ထားသည့်အတွက် အပင်ရှင်သန်မှုနှင့် အစေးထွက်နှုန်းမှာ စိတ်ချရကြောင်းသိရသည်။ ဒေသဆိုင်ရာ တာဝန်ရှိသူများ၏ ကွင်းဆင်း စည်းရုံးဆောင်ရွက်မှု၊ ဒေသခံပြည်သူများ၏ အသိဉာဏ်ပွင့်လင်းလာမှုတို့ကြောင့် မူဆယ်ခရိုင်အတွင်းတွင် ရော်ဘာစိုက်ပျိုးသည့် ခြံပိုင်ရှင်အများစုမှာ ဒေသခံတိုင်းရင်းသားများဖြစ်ကြကြောင်း သိရသည်။

မူဆယ်ခရိုင်သည် တောင်ကုန်းတောင်တန်းများ ပေါများခြင်းကြောင့် ရော်ဘာပင်များ စိုက်ပျိုးရာတွင် ကွန်တိုနည်းပညာကိုသုံး၍ လိုင်းဖော်ခြင်း၊ ပန္နက်ရိုက်ခြင်းများ ပြုလုပ်ပြီး အပင်များ အစိပ်အကျဲညီအောင် ဆောင်ရွက်သည်။ လိုင်းအစိပ်အကျဲညီမှု လေဝင်လေထွက်ကောင်းပြီး အပင်တစ်ပင်နှင့်တစ်ပင် ထိစပ်ယှက်နွယ်ပြီး ဖြစ်ပေါ်လာမည့် အပင်လှီခြင်း၊ ပွတ်တိုက်အားကြောင့် မီးလောင်ခြင်း၊ မြေဆီဩဇာသုံးစွဲမှု မညီမျှခြင်းတို့မှ ကင်းဝေးစေမည်ဖြစ်သည်။ ယခင်က ဒေသခံ

**စက်မှုကုန်ကြမ်း နှစ်ရှည်ပင် မြန်မာ့ရွှေဖြူ(ရော်ဘာ)**

ပြည်သူများသည် ရော်ဘာပင်များ စိုက်ပျိုးရာတွင် အစိပ်အကျဲ မညီမညာဖြစ်သလို စိုက်ပျိုးခဲ့သည်။ ဌာနတာဝန်ရှိသူများ၏ စိုက်ပျိုးခြံအထိ သွားရောက်၍ စိုက်ပျိုးနည်းစနစ်များကို ဓာတ်ပုံမှတ်တမ်းများနှင့်တကွ လက်တွေ့ကျကျ ကွင်းဆင်းပြသ ရှင်းလင်း ဆောင်ရွက်မှုကြောင့် ယခုအခါ ဒေသခံပြည်သူများသည် မိမိတို့ကိုယ်တိုင် နည်းစနစ်မှန်မှန်ဖြင့် တိုင်းတာ စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

တစ်နှစ်ပတ်လုံး အေးသည့်ဒေသဖြစ်ခြင်းကြောင့် မြန်မာပြည်အောက်ပိုင်းဒေသများနှင့် အစေးလှီးသည့် လများမှာ မတူဘဲ ဆောင်းရာသီတွင် အစေးလှီးနားပြီး မိုးရာသီနှင့် နွေရာသီများတွင်သာ အစေးလှီးကြသည်။ အစေးလှီးသည့်ရက်ပေါင်း ၁၃၀ခန့်ရှိပြီး သုံးရက်လှီး တစ်ရက်နားဖြင့် အစေးလှီးကြသည်။ ရာသီဥတု အေးသည့် အတွက်ကြောင့် အစေးထွက် နှုန်း ပိုကောင်း၍ အစေးထွက်ချိန် ပိုကြာကြောင်း သိရသည်။

ရော်ဘာပင်စိုက်ပျိုးရာတွင် အပင်မစိုက်ပျိုးမီ မြေခံတွင်းတူး၍ တွင်းထဲသို့ တစ်ကျင်းလျှင် ကျောက်မှုန့်နို့ဆီဘူးတစ်လုံးနှင့် နွားချေးနှစ်ပေါင်နှုန်းခန့် ထည့်၍ ပျိုးပင်တစ်နှစ်သားခန့်ရှိ အပင်များကို ထည့်၍ စိုက်ပျိုးရကြောင်း၊ စိုက်ခင်းထဲရောက်ရှိ၍ စိုက်ပျိုးပြီးလျှင် နှင်းဒဏ်ကာကွယ်နိုင်ရန် အပေါ်မှ အမိုး မိုးပေးရကြောင်း၊ တစ်နှစ်သား ကျော်လျှင် အမြင့် ၁၀ ပေခန့် လုံးပတ် သုံးလက်မခန့် ရှိကြောင်း၊ မိုးဦးတစ်ကြိမ်၊ မိုးနှောင်းတစ်ကြိမ် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို N:P:K:Mg- 15:15:6:4 နှုန်းဖြင့် တစ်ပင်ကို လေးအောင်စ သဘာဝမြေဩဇာ နှစ်ပေါင်နှုန်းဖြင့် အစေးမလှီးခင်ထိ ပုံမှန်ထည့်ပေးရကြောင်း သိရသည်။

မြေကြီးအစိုဓာတ်ထိန်းရာတွင် အပင်ခြေမှ ခြောက်လက်မ အကွာတွင် ၁၈ လက်မ (တစ်တောင်) အကျယ် ခြောက်လက်မ ထုရအောင် မြေဩဇာတစ်ထပ်၊ မြေကြီးပါးပါးတစ်ထပ် ပြုလုပ်၍ မြေကြီးအစိုဓာတ်ထိန်းမည်ဆိုလျှင် အပင် အစိုဓာတ်လည်းရ၊ သဘာဝမြေဩဇာလည်းရဖြစ်၍ ပို၍ ကောင်းကြောင်း၊ သို့သော် ဤဒေသတွင် အများစုမှာ မြေကြီးအစိုဓာတ်ထိန်းရာတွင် ဒေသစိုက်ပျိုးနည်း ဖြစ်သော အပင်ခြေရှိမြေကြီးကို ပေါက်တူးဖြင့် ပေါက်လှန်ပြီး အစိုဓာတ်ထိန်းခြင်းများရှိသေးကြောင်း၊ ထိုသို့ပြုလုပ်ခြင်းဖြင့် အပင်၏ အမြစ်များကို ထိခိုက်စေပြီး အပင်၏ ကြီးထွားနှုန်းကို နှောင့်နှေးကြန့်ကြာပြီး အစေးထွက်မှု နောက်ကျစေမည်ဖြစ်ကြောင်း၊ ဤအကျိုး အပြစ်များကို ဒေသခံ တိုင်းရင်းသား ရော်ဘာခြံလုပ်ငန်းရှင်များ သိရှိစေရန် ကြိုးစားဆောင်ရွက် အသိပညာပေးလျက်ရှိကြောင်း မူဆယ်ခရိုင် မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းခရိုင်မန်နေဂျာ ဦးလှိုင်ကျော်ဦးက ပြောကြားသွားသည်။

## ကွန်တိုနည်းပညာသုံး စိုက်ပျိုး

**မူဆယ်ခရိုင်အတွင်း တောင်ကုန်းတောင်တန်းများပေါ်တွင် စိုက်ပျိုးမြေမကျန်အောင် ကွန်တိုနည်းပညာသုံး၍ ရော်ဘာပင်များ စိုက်ပျိုးထားစဉ်။**

မူဆယ်မြို့နယ် နာမ့်ခွမ်ကျေးရွာမှ ရော်ဘာစိုက်ပျိုးသူ ခြံလုပ်ငန်းရှင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းရာတွင် **"ကျွန်တော်တို့ သည့်အရင်ကဆိုရင် ရော်ဘာပင်ဆိုတာ ဘယ်လိုအပင်မှန်းတောင် မသိပါဘူး၊ ဘယ်လိုအကျိုးကျေးဇူးတွေရရှိမယ်၊ ဝင်ငွေကောင်းမယ်ဆိုတာလဲ မသိပါဘူး။ ဒေသစိုက်ပျိုးရေးဖြစ်တဲ့ လိမ္မော်၊ လက်ဖက်တွေကိုသာ နှစ်ရှည်ပင်အဖြစ် စိုက်ပျိုးဖို့ပဲ သိပါတယ်။ ရော်ဘာစိုက်ပျိုးဖို့ မြေယာတွေ လျှောက်ထားနိုင်တယ်ဆိုတော့ မြေယာလိုချင်လို့သာ လျှောက်လိုက်တာ။ စစိုက်တော့လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိနဲ့ ဌာနတာဝန်ရှိသူတွေ ကွင်းဆင်းရှင်းလင်းပြသပြီး သင်တန်းတွေ ပို့ချတော့မှ နားလည်သဘောပေါက်ခဲ့ပါတယ်။ အခုဆို မူဆယ် ၁၀၅ မိုင်မှာ ကုန်သွယ်ရေးဇုန်တည်ဆောက်ပြီး ထွက်ကုန်ပစ္စည်းတွေကိုလည်း ရောင်း၊ဝယ်အားကောင်းနေတဲ့အတွက် ဈေးကွက်အတွက် ပူစရာမလိုသလို သယ်ယူစရိတ်လည်း သက်သာပါတယ်။ နောင်နှစ် အနည်းငယ်အတွင်း ကျွန်တော်တို့ဒေသက ရော်ဘာတွေ အလုံးအရင်း ထွက်တော့မှာ ဖြစ်ပါတယ်။ အဲဒီအခါကျရင် ကျွန်တော်တို့ဒေသနဲ့ ကျွန်တော်တို့ ဒေသခံ တိုင်းရင်းသားပြည်သူတွေ ချမ်းသာကြွယ်ဝ ဝမ်းသာရတော့မှာ ဖြစ်ပါတယ်"**ဟု လေသံဝဲဝဲဖြင့် တက်ကြွအားရစွာ ပြောကြားသွားပါကြောင်း တင်ပြအပ်ပါသည်။ ။

**မော်လမြိုင် သမိုင်းဝင်ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် မတ် ၉ ရက်က ကွယ်လွန်သူ ဖခင် ဦးချိန်ဟုတ်အား ရည်စူး၍ မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် ထားဝယ်စုရပ်နေ မိခင်ဒေါ်ရီနှင့် သားသမီးမြေးတစ်စုက ငွေကျပ် ခြောက်သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဦးစီးနာယက ဦးစိန်မြင့်(တိုင်းရောင်းဝယ်ရေးအရာရှိ/တိုင်းရေနံရုံး)၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းမောင်တို့ လက်ခံရယူစဉ်။** (က–ပ)

**ရေနံချောင်းမြို့ အထက(၁)တွင် ဆရာတော်အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) မတည်၍လှူဒါန်း ဆောက်လုပ်လျက်ရှိသော ရွှေပါရမီကျောင်းဆောင်သစ်အတွက် ရေနံချောင်းမြို့ မန်ကျည်းလေးပင်ရပ်နေ ဒေါက်တာ မောင်မောင်ညို၊ ဒေါ်စန်းစန်းမူ၊ သမီး မနှင်းလဲ့မွန် (ဦးတင့်တယ်ဆေးတိုက်)က လှူဒါန်းငွေကျပ် တစ်သိန်းကို ဘဏ္ဍာငွေ ရှာဖွေရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

## ထူးခြားသည့် နေ့အပူချိန်များ ၁၇-၃-၂၀၀၈

| | |
|---|---|
| ရမည်းသင်း | ➔ ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ဒီဂရီဖာရင်ဟိုက်) |
| နေပြည်တော် ပျဉ်းမနား | ➔ ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ဒီဂရီဖာရင်ဟိုက်) |
| ပဲခူး | ➔ ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ဒီဂရီဖာရင်ဟိုက်) |
| ဟင်္သာတ | ➔ ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ဒီဂရီဖာရင်ဟိုက်) |
| နေပြည်တော် | ➔ ၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ဒီဂရီဖာရင်ဟိုက်) |
| သာယာဝတီ | ➔ ၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ဒီဂရီဖာရင်ဟိုက်) |

## နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းစွန်း ဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြန်လည်ရွေးကောက်တင်မြှောက်ခံရသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ၂၀၀၈ ခုနှစ် မတ် ၁၆ ရက်တွင် (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသည့် မစ္စတာဝမ်ကြားပေါင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ စုစည်းမြှင့်တင်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ စုစည်းမြှင့်တင်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များ အသင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်များအဖွဲ့၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၊

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❑

### အဝင် မုခ်ဦးကြီး

နေပြည်တော် တိရစ္ဆာန်ဥယျာဉ် အဝင်မုခ်ဦးကြီးကို ခံ့ညားလှပစွာ တည်ဆောက်ထားသည်ကို တွေ့ရစဉ်။

**သတင်းဆောင်းပါး**
**ညီညီထွန်း(သတင်းစဉ်)**
**မှတ်တမ်းဓာတ်ပုံ**
**ရန်ကင်း စိုးမင်း**

## စိတ်လက်ရွှင်ကြည် ခေတ်မီသွင်ပြင် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်

**နေပြည်တော် မတ် ၁၇**

မြန်မာနိုင်ငံသည် ရေမြေတောတောင် သဘာဝရှုခင်းများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး များပြားလှသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ရှိသည့် ဒေသများ၊ သာယာလှပသောရေမြေတောတောင် သဘာဝအထင်ကရ နေရာများ၊ အပန်းဖြေကမ်းခြေများ၊ ပန်းပေါင်းစုံဖူးပွင့်ဝေဆာသော ဥယျာဉ်များ၊ လေ့လာဖွယ်ရာ သဘာဝပတ်ဝန်းကျင်နှင့် စိမ့်စမ်းရေတံခွန် ရှုခင်းများ အများအပြားတည်ရှိပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ●

ကျားဖြူအထီး ဝမ်ဝမ့်နှင့် အမ ကျန်ကျီ စုံတွဲ။